## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံအရေး တို့အရေးမို့ နိုင်ငံသားတိုင်း မဲပေးစို့။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၆၇)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ စနေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် မိဘပြည်သူများခင်ဗျား**

ယနေ့ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်သော ကချင်ပြည်နယ်၏ (၇၈)နှစ်မြောက် ထူးမြတ်သည့်မင်္ဂလာအခါသမယတွင် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးနဲ့ ကချင်တိုင်းရင်းသားအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံလျက် ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ ●**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာပေါင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာပေါင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊

**စာမျက်နှာ ၅ ကော်လံ ၁ ✭**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်)

# လှပမှုများပေါင်းစုံဖူးပွင့်နေသည့် ကချင်ပြည်နယ်

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် ကချင်ပြည်နယ်သည် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များထွက်ရှိရာ ပြည်နယ်တစ်ခုဖြစ်သည်။ အဖိုးတန်ရတနာများပေါကြွယ်စွာ ထွက်ရှိပြီး တောတောင်ရေမြေ သဘာဝကောင်းများကြောင့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံ ကောင်းများလည်းရှိသည်။ မြန်မာနိုင်ငံ၏ အလှပဆုံးဖြစ်သောဧရာဝတီမြစ်ကြီး စတင်စီးဆင်းရာ နေရာဖြစ်ခြင်းတို့ကလည်း ပြည်နယ်၏ထူးခြားသောအလှတရားကိုဖော်ပြလျက်ရှိသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည့်ရေခဲတောင်များ၏လှပမှုနှင့်အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏သာယာ လှပမှုတို့ကလည်း ပြည်နယ်၏ထင်ရှားသောသဘာဝအလှများပင်ဖြစ်သည်။

**နှစ်စဉ် ဇန်နဝါရီလ ၁၀ ရက်သည် ကချင်ပြည်နယ်နေ့ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ပထမဆုံးညီလာခံ၊ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့အဖြစ်သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခု ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် (၇၈)နှစ်မြောက်ခဲ့ပြီဖြစ်သည်။** ကချင်ပြည်နယ်နှင့်မနောပွဲတော်ကြီးမှာလည်း ခွဲခြားမရနိုင်သော ကချင်ပြည်နယ်၏အမှတ်အသားတစ်ခုဖြစ်သည်။ မနောပွဲတော်တွင် ကချင်တိုင်းရင်းသား မျိုးနွယ်စုများ၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကို တည်ငြိမ်လှပကျက်သရေရှိသော တိုင်းရင်းသားဝတ်စုံများဖြင့် စုပေါင်းညီညာစွာကပြသည့်မနောအကသည် ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားပြည်သူလူထုများ၏ စည်းလုံးညီညွတ်မှုကိုဖော်ဆောင်လျက်ရှိပြီး ပြည်နယ်အေးချမ်း သာယာမှုကို ခိုင်မြဲအောင်တည်ဆောက်ထားနိုင်သော ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သည်။

ထိုသို့ထူးခြားလှပသည့် သဘာဝအလှများ၊ မြတ်နိုးဖွယ်ရာဓလေ့ထုံးစံများနှင့် ပြည်နယ်အတွင်း ဂျိန်ဖော့၊ လရှီ၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့်ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံး၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့်ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားများအပြင်အခြား တိုင်းရင်းသားမျိုးနွယ်စုများသည် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြသည်။ မြန်မာနိုင်ငံ၏ထူးခြားချက်မှာ ပြည်နယ်များအား တိုင်းရင်းသားလူမျိုးများ အမည်သတ်မှတ်ပေးထားသော်လည်း အဆိုပါပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်ကြခြင်းဖြစ်သည်။ **"နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့်နိုင်ငံတော်၏နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှမည်သည့်အခါမျှ ခွဲမထွက်ရ"**ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၁၀ တွင် ပြဋ္ဌာန်းထားသည်။ ထိုသို့ပြဋ္ဌာန်း ထားသည့်အတိုင်း တိုင်းရင်းသားလူမျိုးများသည် အေးအတူပူအမျှနေထိုင်လျက်ရှိကြသည်။ တိုင်းရင်းသား လူမျိုးများ၏ချစ်ကြည်ရင်းနှီးမှုမှာ ရေကိုသားသော် အကြားမထင်သကဲ့သို့ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ ပါမကျန်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသတစ်ခုဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့်အခြားသော ကဏ္ဍများတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့အတွက် ဒို့တာဝန်အရေးသုံးပါးနှင့် အညီ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုစဉ်ဆက်မပြတ်ဆောင်ရွက် လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာလျက် ရှိသည်။

တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကိုရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိသည်။ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် ပါတီစုံ ဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းလျက်ရှိရာ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများလျော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာလွတ်တော်လမ်းကြောင်းပေါ်သို့ရောက်ရှိ အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ် သောစုပေါင်းအားဖြင့် ပြည်နယ်အကျိုးကို တက်ညီလက်ညီဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ပေါင်းစည်းချစ်ကြည်တွဲလက်ညီစွာ ကချင်ပြည်နယ်၏အလှများသည် ပိုမိုထင်ရှားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မုံရွာမြို့၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံဧက ၄၆၈၀ စိုက်ပျိုးရန်လျာထား

မုံရွာ ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံလျာထားချက် ဧကထက် တိုးချဲ့စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မုံရွာမြို့၌ မတ်ပဲသီးနှံဧက ၄၆၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ မုံရွာမြို့နယ်၌ ၈၆၆ ဧက၊ ဘုတလင်မြို့နယ်၌ ၅၃ ဧက၊ အရာတော်မြို့နယ်၌ ၂၉၉၇ ဧကနှင့် ချောင်းဦးမြို့နယ်၌ ၈၃၈ ဧက စုစုပေါင်း ၄၇၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲသီးနှံဧက ၄၆၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အခုလက်ရှိမှာတော့ ၄၇၅၄ ဧကစိုက်ပျိုးပြီးဖြစ်တဲ့အတွက် လျာထားချက်ဧကထက် ၇၄ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မတ်ပဲသီးနှံ လျာထားချက် ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောသည်။

မုံရွာမြို့၌ မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၂၆(စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၈။ | ၁၂:၃၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၂။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၉။ | ၁၃:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း |
| ၃။ | ၀၈:၂၀ | မောင်မယ်လေးများသိစေချင် | ၁၀။ | ၁၄:၀၀ | ကျန်းမာသုတ |
| ၄။ | ၀၉:၂၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၁၁။ | ၁၅:၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၅။ | ၁၀:၃၀ | စာပေနှင့်အနုပညာသတင်း | ၁၂။ | ၁၇:၀၀ | အင်္ဂလိပ်စာသုတ |
| ၆။ | ၁၁:၂၀ | ပြည်သူ့ကြားကပြည်သူ့စကား | ၁၃။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၁:၂၅ | သာယာသီကြွေးခေတ်ဆန်းတေး | | | |


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

**● ရှေ့ဖုံးမှအဆက်**

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် သွေးသားအရင်းချာပမာ ရင်းနှီးချစ်ကြည်လေးစားကြလျက် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် နှစ်ပေါင်းထောင်ချီ၍နေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း ပြည်ပ၏လက်နက်အားကိုးဖြင့် အနိုင်ကျင့်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။ မိမိတို့တိုင်းရင်းသားအားလုံးသည် တောင်တန်း မြေပြန့်၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ တစ်စိတ်တစ်ဝမ်းတည်းသော စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းပြည်၏လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ကြပါသည်။

ထိုသို့လွတ်လပ်ရေးအတွက် အသက်သွေးချွေးပေးဆပ်တိုက်ပွဲဝင်ခဲ့ကြသည့် မျိုးချစ်သူရဲကောင်းများတွင် ကချင်ပြည်နယ်မှခေါင်းဆောင်များနှင့် ကချင်တိုင်းရင်းသားများသည်လည်း စွန့်လွှတ်စွန့်စားစွာ တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်မှာ ပြည်နယ်၏ နိုင်ငံတော်အပေါ် ကောင်းမြတ်သောသမိုင်းကြောင်းတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၊ ပထမဆုံးညီလာခံ အစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ ၁၀ ရက်နေ့ကို **“ကချင်ပြည်နယ်”**နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ (၇၈) နှစ်မြောက်ရှိပြီဖြစ်ပါသည်။

ကချင်ပြည်နယ်မြောက်ပိုင်းရှိ ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီ၊ ဖုန်ကန်ရာဇီ၊ မဒွယ်ရာဇီ စသည့်ရေခဲတောင်များနှင့် ဟူးကောင်းမြေပြန့်လွင်ပြင်တို့တွင် ဘူမိ၊ ရူပ ထူးခြားသောအခြေအနေများ၊ အဖိုးတန်သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝစွာထွက်ရှိပြီး ပြည်နယ်အတွင်းနေရာဒေသအသီးသီးတွင်ဂေဟစနစ်မျိုးစုံပိုင်ဆိုင်သည့်သာယာလှပသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်ရှိ မေခမြစ်နှင့်မလိခမြစ်နှစ်သွယ်ပေါင်းဆုံရာမှ တည်ငြိမ်လှပသော ဧရာဝတီမြစ်ကြီးဖြစ်ပေါ်လာခြင်းနှင့်ယှဉ်တွဲ၍ မြင့်မားမတ်စောက်သော တောင်တန်းကြီးများနှင့် စိမ်းလန်းသောသစ်တောများသည်လည်း ပြည်နယ်၏ထူးခြားလှပမှုများပင်ဖြစ်ပါသည်။ ကချင်ပြည်နယ်အတွင်း ဂျိန်ဖော့၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး အစရှိသည့် ကချင်မျိုးနွယ်စုများ စုပေါင်းနေထိုင်ကြပါသည်။ ထို့ပြင် ရှမ်းမျိုးနွယ်စုအချို့နှင့် ဗမာတိုင်းရင်းသားအပါအဝင် အခြားတိုင်းရင်းသားတို့သည်လည်း အတူတကွပူးပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်နေ့နှင့်အတူ ကျင်းပသောမနောပွဲသည် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးသောစိတ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ရှင်သန်တက်ကြွစေသော အထိမ်းအမှတ်အစဉ်အလာကောင်းတစ်ခုပင် ဖြစ်ပါသည်။ မနောအကသည် ပြည်နယ်အတွင်းသာမက ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာဝပြောစေရန်ဖော်ဆောင်လျက် စုပေါင်းညီညာကပြသည့် ပြည်နယ်သူ ပြည်နယ်သားများ၏ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်ပြီး ပြည်နယ်အတွင်း ငြိမ်းချမ်းသာယာဝပြောရေးကို ခိုင်မာသည်ထက်ခိုင်မာအောင်တည်ဆောက်နိုင်ရေး အဓိပ္ပာယ်ပြည့်ဝသော ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးတစ်ခုဖြစ်ပါသည်။

ထို့အပြင် ကချင်ပြည်နယ်သည် အဖိုးထိုက်တန်သော တွင်းထွက်ရတနာများ၊ သဘာဝသယံဇာတများ၊ သဘာဝအရင်းအမြစ်များထွက်ရှိရာ ပြည်နယ်ကြီးဖြစ်သည့်အပြင် ရေခံ၊ မြေခံနှင့် ရာသီဥတုကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများ အောင်မြင်တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။ အလားတူ ပေါင်းစည်းခြင်း၏သင်္ကေတဖြစ်သော ဧရာဝတီမြစ်ကြီး၏အလှတရားနှင့်အတူ စိမ်းလန်းသာယာစိုပြည်ခြင်းကလည်း ပြည်နယ်၏ ထူးခြားသောဝိသေသပင်ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံး၏ စိတ်ဓာတ်နှင့် ခွန်အားများ စုပေါင်းစွမ်းအားဖြင့် ပြည်နယ်သာယာအေးချမ်းရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မိမိတို့အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် မဲမသမာမှုကြောင့် ကြုံတွေ့လာမည့်အန္တရာယ်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်ကိုယူခဲ့ရခြင်းဖြစ်ပါသည်။ ထိုသို့တာဝန်ယူပြီးနောက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက် ပြည်သူလူထု၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ခိုင်မာစွာလျှောက်လှမ်းလျက်ရှိရာ ကချင်တိုင်းရင်းသားများအပါအဝင် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းဖြင့် တည်ငြိမ် ငြိမ်းချမ်းစွာဖြေရှင်းကြရမည်သာဖြစ်ပါသည်။ ယခုကဲ့သို့ တိုင်းရင်းသားဒေသအသီးသီးက လက်နက်အားကိုးဖြင့် နိုင်ငံအတွက်ကောင်းကျိုးမဖြစ်နိုင်သည့် တိုက်ခိုက်မှုများ၊ တောင်းဆိုမှုများသည် ဒီမိုကရေစီနှင့် ဆန့်ကျင်သည့် အကြမ်းဖက်စနစ်သာဖြစ်ပြီး မိမိတို့တိုင်းရင်းသားများကို မိမိတို့ကိုယ်တိုင် ပြန်လည်ဒုက္ခပေးနေခြင်းပင်ဖြစ်ကြောင်း သတိထားဆင်ခြင်သုံးသပ်သင့်ကြပြီ ဖြစ်ပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေရန် ဒေသနှင့်တိုင်းရင်းသားများအကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များ နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်ရန်လိုအပ်ပါသည်။ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံ့ဝန်ထမ်းများနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာလည်း နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများမှ ကင်းဝေးရန်လိုအပ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်နယ်အကျိုး၊ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအကျိုးကို ရှေးရှုပြီး တိုက်ပွဲများရပ်တန့်စေရေး၊ ဆူပူအကြမ်းဖက်မှုများပပျောက်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါသင့်နေပြီဖြစ်ပါကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

ယခုအခါ မိမိတို့နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေး ဦးတည်ချက်များချမှတ်၍ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ **“နိုင်ငံတော်၏ အကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်လောင်းများဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး” “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဆိုသည့် ဦးတည်ချက်များကို အကောင်အထည်ဖော်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ဆက်လက်၍ အပိုင်း(၂)နှင့်(၃)တို့ကို ဆက်လက်ကျင်းပပြီး ပေါ်ပေါက်လာမည့်အစိုးရအား မိမိတို့တာဝန်ယူထားသည့် နိုင်ငံ့တာဝန်များကို မကြာမီလွှဲပြောင်းပေးသွားမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်မှာ ရွေးကောက်ပွဲပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးနှင့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဝိုင်းဝန်းပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။

ကချင်ပြည်နယ်သည် တစ်ဖက်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသများ၌ တရားမဝင်ကုန်စည်စီးဆင်းမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုစသည့်တရားဥပဒေနှင့်ဆန့်ကျင်သည့်ဖြစ်ရပ်များကြောင့် **စာမျက်နှာ ၄ သို့ ●**

**❖ ကချင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်သည့်ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံး၏ စိတ်ဓာတ်နှင့် ခွန်အားများ စုပေါင်းစွမ်းအားဖြင့် ပြည်နယ်သာယာအေးချမ်းရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာရန် တက်ညီလက်ညီပူးပေါင်းဆောင်ရွက် . . .**

**❖ နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းဖြင့် တည်ငြိမ် ငြိမ်းချမ်းစွာဖြေရှင်းကြရမည်သာဖြစ်၊ တိုင်းရင်းသားဒေသအသီးသီးက လက်နက်အားကိုးဖြင့် နိုင်ငံအတွက်ကောင်းကျိုးမဖြစ်နိုင်သည့်တိုက်ခိုက်မှုများ၊ တောင်းဆိုမှုများသည် ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် အကြမ်းဖက်စနစ်သာဖြစ်ပြီး မိမိတို့တိုင်းရင်းသားများကို မိမိတို့ကိုယ်တိုင် ပြန်လည်ဒုက္ခပေးနေခြင်းပင်ဖြစ်၊ သတိထားဆင်ခြင်သုံးသပ်သင့်ကြပြီဖြစ် . . .**

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာလည်း နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများမှကင်းဝေးရန်လိုအပ်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်နိုင်မည်ဖြစ် . . .**

**❖ ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်နယ်အကျိုး၊ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအကျိုးကိုရှေးရှုပြီး တိုက်ပွဲများရပ်တန့်စေရေး၊ ဆူပူအကြမ်းဖက်မှုများပပျောက်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါသင့်နေပြီဖြစ် . . .**

**❖ တိုင်းရင်းသားပြည်သူများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးနှင့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဝိုင်းဝန်းပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းအပ် . . .**

● စာမျက်နှာ ၃ မှအဆက်

ပြည်နယ်အလှကို ပျက်စီးစေပြီး ပြည်နယ်၏ ဂုဏ်သိက္ခာကျဆင်းစေပါသည်။ ထိုသို့ ဥပဒေမဲ့လုပ်ရပ်များကို ဌာနဆိုင်ရာများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူအားလုံးက ဆန့်ကျင်တိုက်ဖျက်ကြရန် လိုအပ်ပါကြောင်းနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းဖော်ဆောင်ကြရန် အလေးထားမှာကြားလိုပါသည်။

**ကချင်တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ကချင်ပြည်နယ်အနေဖြင့် သဘာဝမှ ပေးထားသည့် ရာသီဥတု၊ ရေမြေပထဝီအနေအထားများအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် ပြည်နယ်ဖြစ်ပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်နိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် ထုတ်ကုန်များကို အခြေခံပြီး စက်မှုနည်းပညာများနှင့် ပေါင်းစပ်ကာ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများအပေါ်တွင် အခြေခံ၍တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ကာ ဒေသလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သည့်အပြင် နိုင်ငံတစ်ဝန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချပြီး ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် အတန်းပညာ အတတ်ပညာသာမကအရာရာကို မှန်မှန်ကန်ကန်စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင်သည့် အသိပညာနှင့် တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်ထိန်းသိမ်းလိုသည့်စိတ်များရှိသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း အလေးထားမှာကြားလိုပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးလျက်ရှိပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် အရည်အသွေးပြည့်ဝသောကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊အလတ်စားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားများကလည်း ဟန်ချက်ညီညီ လိုက်ပါမြှင့်တင်ဆောင်ရွက်ပေးနိုင်ကြပါရန် တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မိဘပြည်သူတိုင်းရင်းသားများအနေဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အေးအတူ၊ ပူအမျှ စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်သွားနိုင်ကြပါစေ၊ နိုင်ငံရေး၊ စီးပွားရေး၊နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးများတွင် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားနိုင်ကြပါစေ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ စုစည်းမှုစွမ်းပကားများ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများတွင် ဘက်ပေါင်းစုံမှ ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ပြည်နယ်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးကို ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်နိုင်ကြပါစေကြောင်းနှင့် ကချင်ပြည်နယ်ကြီးယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းတိုက်တွန်းရင်း (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'မိဘတွေ အိမ်ထောင်ရေးအဆင်မပြေရင် သားသမီးတွေ အင်မတန် ဒုက္ခရောက်တယ် စိတ်အားငယ်ရတယ်'

'အေးဗျ ဖေဖေသာ နောက်မိန်းမယူရင် ဒုက္ခ၊ ပွေရင် ဒုက္ခ၊ ရှက်စရာကြီး'

'ဒီလိုပဲပေါ့ သားငယ်ရဲ့၊ အိမ်ထောင်တစ်ခုဆိုတာ တစ်ယောက်နဲ့တစ်ယောက် အမှီသဟဲပြုနေကြရတာပဲ၊ မိဘမကောင်းရင် သားသမီးကို ထိခိုက်တာပဲ။ သားသမီးမကောင်းရင်လည်း မိဘကိုထိခိုက်တာပဲ၊ အလုပ်တစ်ခုလုပ်မယ်ကြံရင် ကိုယ်သာမက ကိုယ့်မိသားစုရဲ့အရေးကိုပါ တွက်ရ၊ စဉ်းစားရမှာပေါ့'

အမာညိုသည် စုတ်တံလေးကို ခွက်ထဲပြန်ချကာ အသက်ကို တစ်ဝကြီးရှိုက်၍ ရှူလိုက်သည်။ ဖက်ဖူးရောင်ရင့်ရင့်လေးထောင့်ကွက်ကလေးသည် အဖြူရောင်စက္ကူထဲမှ ကြွ၍ထွက်လာဟန်ရှိသည်။

'အထူးသဖြင့် မိဘတွေ အိမ်ထောင်ရေးအဆင်မပြေရင် သားသမီးကို သိပ်ထိခိုက်တာပေါ့၊ အဲဒီလိုကလေးမျိုးက စိတ်ဓာတ်တွေ ချွတ်ယွင်းတတ်တယ်၊ တစ်ကိုယ်ကောင်းဆန်တတ်တယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်မေကြီးရဲ့'

ကျော်ထွန်းညိုကပြောသည်။ နေရာမှ ထလာကာ မြေပဲတစ်ဆုပ်ကိုလှမ်း၍ နှိုက်လိုက်လေသည်။ အမာညိုသည် လက်တွင်စွန်းပေနေသောဆေးများကို ထဘီနှင့်သုတ်မည်ပြုပြီးမှ မေမေကြီးလှမ်းကြည့်နေသည်ကို သတိပြုမိသောကြောင့် စားပွဲပေါ်ရှိ အဝတ်စုတ်နှင့်သုတ်လိုက်သည်။ ထို့နောက်မှ မြေပဲလှော် လှမ်းနှိုက်ကာ အခွံပါးလေးများကိုမချွတ်ဘဲ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

'ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုလေးတွေက ဖယောင်းရုပ်ကလေးတွေလိုပဲသားရဲ့၊ လူကြီးက ပုံသွင်းသလိုဝင်သွားတာ၊ ပစ်ထားရင်လည်း ပစ်ထားသလို ပုံပျက်ပန်းပျက်ကလေးဖြစ်သွားရော'

'ကျွန်တော်တို့ကိုရော မေကြီး ပုံသွင်းရသေးလား'

ညီလင်းက ဝင်မေးသည်။ စာကျက်ချိန်လေပေါ်ရမည်ဆိုလျှင် ညီလင်းတို့က ရှေ့တန်းမှ စိတ်ပါလက်ပါ လေပေါ်လေ့ရှိသည်။

'သွင်းရပြီလားတော်၊ ဟောဒီ ကိုကျော်ထွန်းညို ငယ်ငယ်တုန်းကဆို ကြောက်တတ်လိုက်တာ ကမ်းကုန်ရော၊ ကျုပ်မှာ သူ့ကို ရဲစိတ်ရဲမာန်တက်လာအောင် ပြောလိုက်ရတဲ့ပုံတွေ၊ ဇာတ်ဗလတို့၊ သမိန်ဗရမ်းတို့ကိုစုံလို့၊ ပြောစရာကုန်တော့လည်း ထွင်ပြီး သူရဲကောင်းပုံတွေ ပြောပြလိုက်ရတာ၊ ဒီတော့လည်း ရဲစိတ်ရဲမာန်တွေ တက်ပြီး ရန်ဖြစ်လိုက်တာ ပွဲတိုင်းကျော်ငပွကြီးဖြစ်လာပြန်ရော၊ တစ်ခါတည်း ကျုပ်လည်း မျက်လုံးမျက်ဆန်ပြူးပြီး သူ့ရဲ့ကောင်းစိတ်ဓာတ်ဆိုတာ ဘယ်လို၊ သတ္တိဆိုတာ သည်းခံခြင်းကိုခေါ်တယ်၊ ဘာညာနဲ့ ကျုပ်ခမျာကြီးမှာ ခန္တီစပုံပြင်တွေပြောရပြန်ရောတော့'

မေမေကြီးက ဟန်နှင့်ပန်နှင့်ပြောသည်။ အမာညိုတို့ မောင်နှမတွေသည် အုန်းခနဲ ရယ်လိုက်မိကြလေသည်။ မေမေကြီးပြောသောပုံပြင်များ၏ အဓိပ္ပာယ်ကို ခုမှပင် ရေးရေးသဘောပေါက်မိကြတော့သည်။

'ဟောဒီကောင်မလေး အမာညိုကျတော့ တစ်မျိုး၊ မိန်းကလေးတန်မဲ့ အင်မတန်သတ်ချင်ဖြတ်ချင်တယ်၊ ပိုးဟပ်မြင်ရင်လိုက်ပြီး ဖနောင့်နဲ့ပေါက်တတ်တာ ငယ်ငယ်လေးကတည်းကအကျင့်၊ နောက်ပြီး အာကြမ်းလျှာကြမ်းနဲ့ အဆဲကသန်သေးတယ်၊ ဘယ်က တတ်လာတာတွေမှန်းလည်းမသိဘူး၊ ဖေရော မောင်ရောမိုးမွှန်အောင်ဆဲလွှန်းလို့ နာနာရိုက်ရတာ မှတ်မိလား မိညို'

အမာညိုသည် သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရယ်မောရင်း ခေါင်းညိတ်ပြလိုက်သည်။ အမာညိုငယ်စဉ်က အလွန်အဆဲသန်ခဲ့သည်။ သူငယ်ချင်းတစ်ဦးဆီမှ တတ်ခဲ့ခြင်းဖြစ်သည်။ ဆဲဆိုသောစကားလုံးများ၏အဓိပ္ပာယ်ကို နားမလည်သော်လည်း အမာညိုငယ်ငယ်က ဆဲနည်းအစုံတတ်ခဲ့သည်။ အိမ်တွင်ပြန်လာပြီး နှုတ်စွမ်းပြမိသဖြင့် ကြိမ်နှင့်အနှက်ခံခဲ့ရလေသည်။

'အဲဒီတုန်းကသာ လွှတ်ပေးခဲ့ရင်၊ ခုအချိန်ဆို မိရွှေညိုပါးစပ်ကို ငါးစိမ်းသည်

> **"ရေဒီယိုမှ မြန်မာပိုင်းအစီအစဉ်များပြီးဆုံးသွားပြီး အင်္ဂလိပ်ပိုင်းအစီအစဉ်စသော ဆိုင်းသံကိုကြားရသည်။ ကိုးနာရီထိုးပေပြီ။ အမာညိုသည် ဆွဲလက်စပုံကိုကြည့်၍ စိတ်ညစ်သွားရှာသည်။ ဘာမှမပြီးသေးချေ၊ သန်းခေါင်ကျော်အောင်ဆွဲရတော့မည်ကား ကျိန်းသေသည်. . ."**

တောင် မီမှာမဟုတ်ဘူး၊ နောက်ပြီး ညီလင်းကျတော့တစ်မျိုး၊ မဟုတ်တာကို အင်မတန်လုပ်ချင်တယ်'

'ဟာ မေကြီးကလည်း'

'မဟုတ်ဘူးလား၊ လူကြီးစကားဆိုနည်းနည်းမှ နားမထောင်ချင်ဘူး၊ မလုပ်ပါနဲ့ဆို လုပ်ချင်တယ်၊ ဖရဲသီးစားပြီး ဘဲဥမစားရဘူးဆိုတာ ခိုးစားလို့ သေခါနီးဖြစ်တာရော မှတ်မိသေးလား'

သူများအလှည့်တုန်းက တဟားဟားရယ်ခဲ့သော ညီလင်းသည် သူ့အလှည့်ကျသောအခါ ခေါင်းပုပြီး ပြုံးဖြဲဖြဲလေးလုပ်နေသည်။

'အစပိုင်းတော့ ညီလင်းလည်း ကောင်းကောင်း အဆော်ခံရတာပဲ၊ တစ်ခါကလည်း အိမ်ရှေ့ပန်းအိုးထဲက နှင်းဆီပင်ကို လူကြီးတွေအလစ်မှာ မြေလှန်ပြီးတူးပစ်တယ်၊ သူ့အမေဆို ရင်ဘတ်စည်တီးပေါ့၊ အမျိုးကောင်းကောင်း ပွင့်ခါနီးလေးလေ၊ ဘာလုပ်တာလဲဆိုတော့ နှင်းဆီပင်ရဲ့အမြစ်ဟာ ဘယ်လိုဖြာသွားလဲ သိချင်လို့တဲ့၊ နောက်တော့ သူ့အဖေက သူ့မှာ စူးစမ်းတတ်တဲ့အကျင့်ရှိတယ်ဆိုတာ သတိထားမိသွားတယ်။ ဒါကြောင့် သူ့ကို အမြဲလေးလေးစားစားနဲ့ ရှင်းပြရတယ်၊ မင်းကွတ်သီးစားပြီး သကြားမစားရဘူးလို့ သာမန်မပြောတော့ဘဲ အဲဒီလိုဆိုရင် အဆိပ်ဖြစ်တတ်တယ်၊ သေတတ်တယ်လို့ ပြောရတယ်၊ အဲဒီလို သေသေချာချာရှင်းမပြရင် ကိုစူးစမ်းလေးက သကြားခိုးစားပြီသာ မှတ်ပေရော့'

'ဟုတ်ပါတယ် မေကြီးရ၊ ကျွန်တော် ဘဲဥခိုးစားတုန်းကလည်း ဘာဖြစ်မလဲ သိချင်လို့ စားတာပါ'

ညီလင်းက ခုမှပင်လျှောက်လဲချက်ပေးနိုင်တော့သည်။ မေမေကြီးသည် ညီလင်းကို မျက်စောင်းခဲလိုက်ရင်းရယ်သည်။

'ဟုတ်ပါတယ်တော်၊ ဒါပေမဲ့ အဲဒီအကျင့်ကို မသိဘဲလွှတ်များပေးခဲ့ရင် ခုလောက်ဆို ကိုစူးစမ်းလေး သေနေလောက်ပါပြီ၊ နင်တို့အဖေက အဲဒီမဟုတ်တရုတ်စူးစမ်းတတ်တာကို သတိထားမိလို့ သိပ္ပံစာအုပ်တွေဝယ်ပေး၊ စိုက်ပျိုးရေးစာအုပ်တွေဝယ်ပေးနဲ့ နည်းမှန်လမ်းမှန်အကျိုးရှိရှိ စူးစမ်းတတ်အောင် ပြုပြင်ခဲ့ရတာ'

ရေဒီယိုမှ မြန်မာပိုင်းအစီအစဉ်များပြီးဆုံးသွားပြီး အင်္ဂလိပ်ပိုင်းအစီအစဉ် စသောဆိုင်းသံကိုကြားရသည်၊ ကိုးနာရီထိုးပေပြီ၊ အမာညိုသည် ဆွဲလက်စပုံကို ကြည့်၍စိတ်ညစ်သွားရှာသည်။ ဘာမှမပြီးသေးချေ၊ သန်းခေါင်ကျော်အောင် ဆွဲရတော့မည်ကား ကျိန်းသေသည်။

'ဒါကြောင့်ပြောတာပေါ့ ကလေးတစ်ယောက်ရဲ့စိတ်ဓာတ်က ငယ်ငယ်ကတည်းက ပုံဝင်သွားတာပဲလို့၊ ဆိုးတာကောင်းတာ၊ မြင့်မြတ်တာ၊ ယုတ်မာတာတွေက သူ့ရဲ့နှလုံးသားထဲမှာ အဲဒီအရွယ်ကလေးကတည်းကစပြီး စွဲထင်ပုံဝင်သွားပြီလေ၊ ကဲကွယ် ဘုရားရှိခိုးရဦးမယ်'

မေမေကြီးသည် နေရာမှ လေးပင်စွာထလိုက်သည်။ ငါးပါးသီလနှင့် ဘုရားရှိခိုးပေါင်းစုံသာမက ဓမ္မစကြာပါ အစအဆုံးရွတ်တတ်၍ မေမေကြီး ဘုရားရှိခိုးလျှင်အချိန်အတော်ကြာလေသည်။

'ကလေးဘဝက တော်တော်အရေးကြီးတာပေါ့နော် မေကြီး'

ညီလင်းက တွေးတွေးဆဆလေးပြောလေသည်။ ကျော်ထွန်းညိုကမှ မြေပဲကိုမြုံ့၍ဝါးနေရင်း အငြိမ်ကြီးငြိမ်နေသည်။

'ဒါပေါ့ကွဲ့ ကလေးဘဝက အင်မတန်အရေးကြီးတာပေါ့၊ သူ့ရဲ့ စိတ်ခန္ဓာကျန်းမာမှုကို အဲဒီအချိန်မှာတည်ဆောက်ရတယ်'

'စိတ်ခန္ဓာကျန်းမာမှု'

အမာညိုက တိုးတိုးလေးရေရွတ်လိုက်မိသည်။ မေမေကြီး၏ စကားလုံးသုံးနှုန်းပုံလေးကို သဘောကျသွားသည်။

'လူကြီးဘဝဆိုတာက အဲဒီကလေးဘဝတုန်းကတည်ဆောက်ခဲ့တဲ့ အဆောက်အအုံက ထင်ဟပ်တဲ့အရိပ်'

မေမေကြီးသည် မြေပဲလှော် သုံးလေးစေ့လှမ်းနှိုက်ကာ အခန်းထဲမှ ထွက်သွားသည်။

အမာညိုတို့မောင်နှမသုံးဦးသည် တစ်ဦးနှင့်တစ်ဦးလှမ်းကြည့်ကာ သက်ပြင်းလေးရှိုက်လိုက်မိကြသည်။ သူတို့သုံးဦးစလုံး စုလှိုင်ကို သတိရမိသော်လည်း နှုတ်မှဖွင့်ဟ၍ မပြောမိကြပေ။ ညီလင်းကမူ အသက်ရှူရသည်ကို ကျဉ်းကျပ်လာသလို ပြတင်းပေါက်ကိုတွန်း၍ဖွင့်လိုက်သည်။

လေပြည်အေးက အခန်းထဲသို့ သုတ်ခနဲပြေးဝင်လာသည်။ ပြတင်းပေါက်တွင် ဆွဲထားသော ခရုခန်းဆီးလေးမှ ခရုခွံလေးများ အချင်းချင်းရိုက်ခတ်ကာ အသံမြည်သွားသည်။

အမာညိုသည် ဆွဲလက်စပုံလေးကို စိုက်ကြည့်ရင်း ရင်ထဲမှရေရွတ်နေမိသည်။

'လူကြီးဘဝဆိုတာ ကလေးဘဝရဲ့အရိပ်တဲ့'

**ဆက်လက်ဖော်ပြပါမည်။**

★ **ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သာပေါင်းမြို့ရှိမြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က သာပေါင်းမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များ စမ်းသပ်စိုက်ပျိုးလျက်ရှိမှုနှင့် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မျိုးစေ့ချက်ကိရိယာများ လိုအပ်လျက်ရှိမှု၊ စိုက်ပျိုးရေးတောင်သူများအတွက် နိုင်ငံ့စီးပွားရေးရန်ပုံငွေများ ထုတ်ချေးပေးပြီး သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေးသစ်ပင်သစ်တောများ စိုက်ပျိုးထူထောင်ခဲ့မှု၊ လျှပ်စစ်ဓာတ်အားများလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများက သာပေါင်းမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ပေးစေလိုမှု၊ သာပေါင်းမြို့အတွင်း ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးစေလိုမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းတို့က သာပေါင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရေးအတွက်လိုအပ်သည်များကိုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကူအညီများတောင်းခံနိုင်မှု၊ မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသဖြင့် ဥယျာဉ်ခြံမြေများ၌ အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းနိုင်မှု၊ အရည်အသွေးမီသည့် မျိုးကောင်းမျိုးသန့်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိမှု၊ အသား၊ ငါးထုတ်လုပ်မှုနှင့်ပတ်သက်၍ တိုးချဲ့ဆောင်ရွက်လိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးသွားမည့် အခြေအနေများ၊ လယ်ယာမြေများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုရန်လိုအပ်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သာပေါင်းမြို့နယ်သည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ထုတ်လုပ်ခြင်းကို အဓိကထားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ဆန်ကိုအဓိကတင်ပို့ရောင်းချကြပြီး ကျေးလက်နေပြည်သူ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး မြို့နေပြည်သူ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျေးလက်ကိုအခြေခံသည့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ပိုမိုလိုအပ်သည်ကိုတွေ့ရကြောင်း၊ ဒေသမှစိုက်ပျိုးထုတ်လုပ်သည့်ဆန်များကို တန်ဖိုးမြင့်သည့်ဆန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အခြေအနေပေးသည့် နေရာများတွင် တန်ဖိုးမြင့်ဆန်ဖြစ်သည့် ပေါ်ဆန်းမွှေးဆန်များကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း၏ဝင်ငွေများတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းငွေကြေးစီးဆင်းလည်ပတ်မှုများကိုလည်း တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ သာပေါင်းမြို့နယ်အတွင်း ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်း အောင်မြင်နိုင်မည်ဆိုပါက နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း ဆီဖူလုံမှုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းဆီဖူလုံမှုကိုများစွာ အထောက်အကူပြုစေနိုင်မည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရန်၊ စိုက်ပျိုးရန်ကောင်းမွန်သည့် မြေအမျိုးအစားဖြစ်စေရေး မြေပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန်နှင့် သွင်းအားစုများထည့်သွင်းရန်၊ စိုက်ပျိုးရေများလုံလောက်စွာရရှိစေရေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်နှင့် နည်းစနစ်တကျစိုက်ပျိုးရန်၊ စသည့် မျိုး၊ မြေ၊ ရေ၊ နည်း ၄ မျိုးစလုံးပြည့်စုံအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သာပေါင်းဒေသတွင် ဝါးများစွာထွက်ရှိသဖြင့် ဝါးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သွားနိုင်ရန်အတွက် ဝါးကိုတန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**❖ ဒေသမှစိုက်ပျိုးထုတ်လုပ်သည့်ဆန်များကို တန်ဖိုးမြင့်သည့်ဆန်များ ထုတ်လုပ်နိုင်ရန်လို၊ တန်ဖိုးမြင့်ဆန်ဖြစ်သည့် ပေါ်ဆန်းမွှေးဆန်များကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း၏ဝင်ငွေများတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းငွေကြေးစီးဆင်းလည်ပတ်မှုများကိုလည်း တိုးတက်ကောင်းမွန်လာစေမည်ဖြစ် . . .**

**❖ သာပေါင်းဒေသတွင် ဝါးများစွာထွက်ရှိသဖြင့် ဝါးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သွားနိုင်ရန်အတွက် ဝါးကိုတန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသအတွင်း အသား၊ ငါး နှင့် ဥများလုံလောက်စွာရရှိရေး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးအတတ်ပညာရှင်ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်သဖြင့် ကျေးလက်ပညာရည်မြင့်မားစေရေးကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဒေသအတွင်းပညာတတ်လူသားအရင်းအမြစ်များပေါ်များကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသည့် အရေးအခင်းများ၊ ပဋိပက္ခများ၊ ဆူပူမှုများ၏ အကြောင်းရင်းကိုကြည့်မည်ဆိုပါက အသိပညာ၊ အတတ်ပညာ အားနည်းသည့် အခြေခံအချက်ဖြစ်သည်ကိုတွေ့ရကြောင်း၊ အဆိုပါအချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းပဋိပက္ခများဖြစ်ပွားခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေးပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သာပေါင်းဒေသတွင် နေထိုင်ကြသည့် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ပညာရေးကဏ္ဍမြှင့်တင်ခြင်းကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**❖ မိမိတို့နိုင်ငံဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသည့် အရေးအခင်းများ၊ ပဋိပက္ခများ၊ ဆူပူမှုများ၏အကြောင်းရင်းကိုကြည့်မည်ဆိုပါက အသိပညာ၊ အတတ်ပညာအားနည်းသည့်အခြေခံအချက်ဖြစ်သည်ကိုတွေ့ရ၊ အဆိုပါအချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှသွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းပဋိပက္ခများဖြစ်ပွားခဲ့ . . .**

**❖ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အတွင်းပညာတတ်လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေး ပညာရေးကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ၊ သာပေါင်းဒေသတွင်နေထိုင်ကြသည့် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ပညာရေးကဏ္ဍမြှင့်တင်ခြင်းကိုအားပေးဆောင်ရွက် . . .**

**❖ သာပေါင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသည့်သူများကပင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အစိုးရအနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

**❖ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလိုသူပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လို . . .**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်နေသောနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ခရိုင်များအလိုက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သာပေါင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသည့်သူများကပင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အစိုးရအနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍လည်း တစ်ဦးချင်းကျန်းမာကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် စားသောက်နေထိုင်သွားလာမှုရှိရမည်ဖြစ်ကြောင်း၊ ငယ်စဉ်အခါတွင် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးကြီးထွားစေရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးရမည်၊ လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်တွင် ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအတွက် ညီညွတ်မျှတစေမည့် အစားအစာများကို စားသုံးကြရန် လိုကြောင်း။

မိမိတို့အနေဖြင့်နိုင်ငံတော်ကိုဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ အပိုင်း(၂) နှင့် အပိုင်း(၃)ကို မကြာမီအချိန်အတွင်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ **ဆန္ဒမဲပေးရာတွင် ဒေသအကျိုး၊ နိုင်ငံ၏အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့်တပ်မတော်နှင့်လက်တွဲ၍ နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို ဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လို**ကြောင်း၊ **ရွေးကောက်ပွဲအပိုင်း(၁)ကျင်းပချိန်တွင် နိုင်ငံတကာမှစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့ပြီး ကောင်းမွန်သည့်သုံးသပ်ချက်များရရှိခဲ့**ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလိုသူပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့် ကောင်းမွန်သည့်သူ၊ ပညာတတ်သည့်သူ၊ ဒေသနှင့်နိုင်ငံ့အကျိုးဆောင်ရွက်ရန်အတွက် အတွေ့အကြုံရှိသည့်သူများကို ရွေးချယ်နိုင်ကြရန်လိုကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# Polytechnic University (MYITKYINA) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်




မြစ်ကြီးနား ဇန်နဝါရီ ၉

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးညဏ်ထွန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ Jeng Phang နော်တောင် ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် Polytechnic University (MYITKYINA) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဦးမောင်မောင်အုန်း၊ ဦးညဏ်ထွန်း ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်တို့က Polytechnic University (MYITKYINA) ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနား တက်ရောက်လာကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက မြန်မာနိုင်ငံတွင် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ် ကျောင်းပေါင်း ၆၁ ကျောင်းရှိပြီး ဗန်းမော်၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ၊ ထားဝယ်၊ မြိတ်၊ မအူပင်တို့တွင် ရှိသည့် နည်းပညာနှင့် ကွန်ပျူတာ တက္ကသိုလ်များကို ပေါင်းစည်းကာ Polytechnic University များအဖြစ် ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ နေပြည်တော်၌ Naypyitaw State Polytechnic University ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ကချင်ပြည်နယ် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ကို Polytechnic University အဖြစ် ကိုးကျောင်းမြောက်ဖွင့်လှစ်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

Polytechnic University ဖွင့်လှစ်ခြင်းဖြင့် ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်သည့်အပြင် အသိပညာမျှဝေခြင်းကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိခံစားရမည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း။

မျက်မှောက် ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် ပညာမဏ္ဍိုင်ကြံ့ခိုင်မှသာ မိမိတို့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကိုအခြေခံပြီး ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တနှင့် မိတ္တဟူသည့် ဗလငါးတန်ကိုပြည့်စုံအောင် ဖြည့်ဆည်းကြရမည့်အပြင် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံကိုအကျိုးပြုမည့် လက်တွေ့ကျသော လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင့်နှင့် ချိတ်ဆက်သင်ကြားပေးမည့် Polytechnic University (MYITKYINA) ကိုလည်း ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Polytechnic University (MYITKYINA) ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က Polytechnic University (MYITKYINA) ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက်ရောက်လာကြသူများနှင့် အတူ Polytechnic University မြို့ပြ အင်ဂျင်နီယာဌာန၊ အီလက်ထရောနစ် အင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာနတို့မှ ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုကြသည်။

Polytechnic University (MYITKYINA) ကို နိုင်ငံနှင့် ဒေသအကျိုးပြု အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ရန် ဘွဲ့သင်တန်းခြောက်မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး နှစ်စဉ် နည်းပညာ ကျောင်းသား ၁၆၀ နှင့် ကွန်ပျူတာကျောင်းသား ၁၂၀ စုစုပေါင်း ၂၈၀ ကို လက်ခံခေါ်ယူ၍ ပညာသင်နှစ်အလိုက် နည်းပညာကျောင်းသား ၈၀၀ နှင့် ကွန်ပျူတာကျောင်းသား ၄၈၀ စုစုပေါင်း ၁၂၈၀ တက်ရောက်ပညာသင်ကြားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြခန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၉

၁၇၅၅ ခုနှစ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ဒဂုံကိုသိမ်းပိုက်ပြီး ရန်အပေါင်း ကုန်စင်သော ရန်ကုန်ဟု ခေါ်ဝေါ်သမုတ်ခဲ့သည့် အချိန်မှစ၍ တံငါရွာလေးအဖြစ်မှ မြန်မာနိုင်ငံ၏ အဓိက နိုင်ငံတကာကုန်သွယ်မှုဆိပ်ကမ်းမြို့အဖြစ်သို့ ပြောင်းလဲခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းနှင့်အတူ ခေတ်အဆက်ဆက် ဖြတ်သန်းကာ ဖြစ်ပေါ်တိုးတက်လာခဲ့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို ထိန်းသိမ်းပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ပြခန်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၌ ဖွင့်လှစ်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရန်ကုန်မြို့ စတင်တည်ဆောက်ခြင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပြီး သမိုင်းကြောင်းရှည်လျားသည့် ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူဘက်မှရပ်တည်ပြီး ဆိပ်ကမ်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ကြောင်း၊ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်း ပုံရိပ်များကို စာပေမှတ်တမ်းအဖြစ်မှ ပြခန်းအဖြစ် စုစည်းတင်ပြနိုင်ရန် ယနေ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ပြခန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တဲ့သည့်အတွက် လာရောက်ကြည့်ရှုလေ့လာသူများအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကြောင်းတစ်ခုလုံးကို တစ်ခဏအတွင်း သိမြင်လေ့လာခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် ပြခန်းသည် နောင်မျိုးဆက်သစ်များအတွက် ကောင်းမြတ်သည့် အမွေအနှစ်များ လက်ဆင့်ကမ်းပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် ပြခန်းဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ အခြားဌာနများအနေဖြင့်လည်း ဌာနအလိုက် အစဉ်အလာကောင်းများကို အားပေးဖော်ဆောင်ပေးခြင်းဖြင့် မိမိတို့ဌာနများ၏ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ပြခန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြခန်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ပြခန်းဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်ကြီးများကို ပြခန်းအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ဆူးလေဆိပ်ကမ်းတံတားတွင် Weight Bridge တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းတံတားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဆာပါချောင်ဒေသ၊ တွံတေးတူးမြောင်းတစ်လျှောက်ရှိ ဆိပ်ခံတံတားများ၊ ရေယာဉ်များဝင်ထွက်သွားလာနေမှု အခြေအနေများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် တွံတေးတူးမြောင်းဖွံ့ဖြိုးရေး စီမံကိန်းနေရာနှင့် တွံတေးတူးမြောင်း ၃ ဒသမ ၅ မိုင်၊ လက်ပံကုန်းအကောက်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လက်ပံကုန်းအကောက်စခန်းတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လက်ပံကုန်းအကောက်စခန်းမှ လျှာထားချက် ပြည့်မီစေရေးအလေးထားဆောင်ရွက်ရန်၊ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ရန်၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် ကိုရီးယားနိုင်ငံ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ထူထောင်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် မလေးရှားနိုင်ငံဆိုင်ရာ ဆိုမာလီယာသံအမတ်ကြီး Mr. Ali Mohamed Abukar တို့က ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် ကွာလာလမ်ပူမြို့၊ မြန်မာသံရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၂၇) နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့်နိုင်ငံဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာ ဆီဂွမ်ဒို မာတင် ကယ်လီရို အက်စကိုစီယာအားခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာအားခန့်အပ်ရန် နီကာရာဂွါသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဆီဂွမ်ဒို မာတင် ကယ်လီရို အက်စကိုစီယာကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် နီကာရာဂွါနိုင်ငံ မာဆာရာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် National University of Engineering မှ အီလက်ထရောနစ်အင်ဂျင်နီယာဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစီမံခန့်ခွဲမှုနှင့် အသုံးချပညာဘာသာရပ်ဆိုင်ရာဘွဲ့ (ဘွဲ့လွန်) ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နီကာရာဂွါနိုင်ငံ ဆက်သွယ်ရေးနှင့်စာတိုက်ဝန်ဆောင်မှုအဖွဲ့ (တယ်လီကောလ်) တွင် စီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာနတွင် မူဝါဒရေးရာဆန်းစစ်ရေးအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လမှစ၍ ဗင်ဘာဇွေးနိုင်ငံအခြေစိုက် နီကာရာဂွါသံရုံး၌ သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **မြဝတီ**

# နေပြည်တော် ပျဉ်းမနားမြို့ မီးဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ လိုအပ်သည်များပံ့ပိုး



နေပြည်တော် ဇန်နဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့နှင့်အတူ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ရန်နိုင်ရပ် နယ်မြေ(၁၆) မီးလောင်မှုကြောင့် မီးဘေးအန္တရာယ်ကြုံတွေ့ဆုံးရှုံးခဲ့ရသော မီးဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း၌ ယနေ့နံနက်ပိုင်းတွင် ထပ်မံသွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေ့စဉ်စားသောက်နေထိုင်ရေး၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာကိစ္စရပ်များအပါအဝင် လိုအပ်သည်များ မေးမြန်းအားပေးစကားပြောကြားကာပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီးဘေးသင့် အိမ်ထောင်စု ၆၀၊ လူဦးရေ ၃၁၉ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယအကြိမ်အဖြစ် ထပ်မံပံ့ပိုးသော ဆန်ရိက္ခာဖိုးငွေနှင့် ရေသန့်ဘူးများ၊ ကြက်ဥများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီကပံ့ပိုးသော ခေါက်ဆွဲခြောက်၊ အိပ်ရာပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း အိမ်ထောင်စုအလိုက်၊ လူဦးရေအလိုက် ပံ့ပိုးပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် မီးလောင်မှုဖြစ်ပွားရာ ရပ်ကွက်သို့ သွားရောက်ပြီး မီးလောင်ပြင်ရှင်းလင်းပြီးစီးမှုအခြေအနေနှင့် ပြန်လည်ဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အကြိုမနောအကဖွင့်လှစ်

မြစ်ကြီးနား ဇန်နဝါရီ ၉

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကျရောက်မည့် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မနောပွဲပထမနေ့ အခမ်းအနားနှင့် အကြိုမနောပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်က (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကြိုဆိုသောအားဖြင့် အကြိုမနောပွဲကို အတူတကွ ပျော်ရွှင်စွာ ပူးပေါင်းဆင်နွှဲခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ယနေ့မနောပွဲတွင် ပါဝင်ဆင်နွှဲကြသူများအားလုံး ကျန်းမာ၊ ချမ်းသာပြီး အောင်မြင်သော ဘဝကိုယ်စီပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် ကချင်ပြည်နယ်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်လာပါစေကြောင်း ဆုမွန်ကောင်းတောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကက်သလစ်အသင်းတော် ဘုန်းတော်ကြီးက (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောအကအတွက်ကောင်းချီးတောင်းခံ၍ ဆုတောင်းဆက်ကပ်အပ်နှံပေးသည်။

ယင်းနောက်မနောအကကို မနောအကဦးဆောင်သူ နောင်ရှောင်များနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ကချင်မျိုးနွယ်စု ၆ မျိုး၊ ရှမ်းမျိုးနွယ်စု ၅ မျိုး၊ ဗမာနှင့် ရခိုင်၊ ကရင်၊ ချင်း စသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ မနောကွင်းအတွင်း ရိုးရာအစဉ်အလာနှင့်အညီ အတူတကွ တပျော်တပါး စုပေါင်းဆင်နွှဲကြကြောင်းသိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**(မိုး/ဇလ)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဘန်ဒီတို ဒိုစ် ဆန်းတို့စ် ဖရိတ်တက်စ် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် လာရောက်ခဲ့သည့် မိမိ၏ မြန်မာနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရန် တီမောလက်စ်တေနိုင်ငံ၏ ကတိကဝတ်ကို ထင်ဟပ်စေခဲ့ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ၉-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## တောတွင်းလက်တွေ့ကွင်းဆင်းနေသည့် မြန်မာနိုင်ငံသစ်တောကျောင်းမှ သင်တန်းသားများနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၉

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်းအမှတ် ၅ မိုးစွေသို့ သွားရောက်၍ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံသစ်တောကျောင်း၊ အမှတ်စဉ် ၁၁၉ မှ သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကြိုးဝိုင်း၊ ကြိုးပြင်တောများ တိုးချဲ့ဖွဲ့စည်းရေး၊ သစ်တောစိုက်ခင်းများတည်ထောင်ရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ကာကွယ်ထိန်းသိမ်းရေး၊ အပူပိုင်းဒေသ ၁၃ခရိုင်စိမ်းလန်းစိုပြည်ရေး၊ လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲနှင့် ဒီရေတောများထိန်းသိမ်းရေး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ပြင်ဦးလွင်ခရိုင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနအနေဖြင့် နှစ်တိုနှစ်ရှည်လျာထားချက်များ၊ စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများနှင့်အတူ တရားမဝင်သစ်ထုတ်ယူမှု ကာကွယ်တားဆီးရေးအတွက်လည်း သက်ဆိုင်ရာဌာန၊ ပြည်သူလူထုနှင့်ပူးပေါင်း၍ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရမည့် သင်တန်းသားများအနေဖြင့် သင်ခန်းစာများကို ကြိုးစားသင်ယူပြီး ကျရာနယ်ပယ်တွင် အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်နှင့် ပြည်သူလူထုကအားကိုးအားထားပြုထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး သင်တန်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိုးစွေသစ်တောပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့်လိုက်ကြိုးဝိုင်း၊ အကွက်အမှတ် ၇၂ ရှိ ၁၉၉၅ ခုနှစ် ကွက်လပ်ဖြည့် ကျွန်းစိုက်ခင်း ၃ ဒသမ ၅ ဧကအတွင်း ကျွန်းပင်များထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ကာ သတ်မှတ်အရည်အချင်းကိုက်ညီသူများ ပညာရေးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ ဆက်လက်ပညာသင်ယူခွင့်ရရှိပြီး ရာထူး၊ လစာ၊ အခွင့်အလမ်းများတိုးမြင့်လာစေရေး ညှိနှိုင်းဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၉

ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ကာ သတ်မှတ်အရည်အချင်း ကိုက်ညီသူများ ပညာရေးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ ဆက်လက်ပညာသင်ယူခွင့်ရရှိပြီး ရာထူး၊ လစာ၊ အခွင့်အလမ်းများတိုးမြင့်လာစေရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၇ ရက် မွန်းလွဲပိုင်းက နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လက်ရှိအချိန်၌ ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းမှအလယ်တန်းပြဆရာ၊ ဆရာမလောင်းများကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ယာယီသမ္မတက ပညာရေးဒီဂရီကောလိပ်သင်တန်းပြီးမြောက်အောင်မြင်လာသော အလယ်တန်းပြဆရာ၊ ဆရာမလောင်းများနှင့် နိုင်ငံတစ်ဝန်း တာဝန်ထမ်းဆောင်လျက်ရှိကြသောအလယ်တန်းပြဆရာ၊ ဆရာမများ၏ပညာသင်ယူမှုအခွင့်အလမ်းကို ဆက်လက်၍ လမ်းဖွင့်ပေးလိုကြောင်း၊ ထို့ကြောင့် ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ကာ သတ်မှတ်အရည်အချင်းကိုက်ညီသူများ ဆရာအတတ်သင်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး ပညာရေးဘွဲ့ရရှိကာ အထက်တန်းပြဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်လျက် မဟာတန်း၊ ပါရဂူတန်းအထိ ဆက်လက်တက်ရောက်နိုင်ရေးအတွက် ပညာသင်ယူမှုအခွင့်အလမ်းများ လမ်းဖွင့်ပေးရန် လမ်းညွှန်မှုပြုထားကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် အခြေခံပညာကျောင်းများရှိ မူလတန်းပြနှင့် အလယ်တန်းပြဆရာ၊ ဆရာမများ၏ပညာအရည်အချင်း၊ ရာထူးနှင့်လစာများ တိုးမြင့်လာကာ လူမှုဘဝမြင့်မားလာစေမည့် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း အခွင့်အလမ်းကောင်းများကို လက်ဆုပ်လက်ကိုင်ရယူပြီး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ မိမိတာဝန်ကို ကျေပွန်စွာကြိုးစားအားထုတ်ထမ်းဆောင်ကြရန် တိုက်တွန်းကြောင်း၊ ဤသို့ဖြင့် အခြေခံပညာအထက်တန်းကျောင်းများတွင် အထက်တန်းပြဆရာ၊ ဆရာမများ လိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်မည်လည်းဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့်သင်ကြားရေးဆိုင်ရာလိုအပ်ချက်၊ ဆရာ၊ ဆရာမ လိုအပ်ချက်၊ တက္ကသိုလ်အင်္ဂါရပ်များနှင့် ပြည့်စုံအောင် ဖြည့်ဆည်းပေးရမည့် အဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းလိုအပ်ချက်၊ ဘဏ္ဍာငွေဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် အပ်နှင်းမည့်ဘွဲ့တို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ အခြေခံပညာအလယ်တန်းအဆင့် (Grade-6,7,8,9 ) အတန်းများတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများရရှိစေရေးအတွက် တစ်ပတ်လျှင် နှစ်ချိန်သင်ကြားပို့ချပေးရန်အတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်သဖြင့် ကျောင်းသားလူငယ်များအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အခြေခံဗဟုသုတများရရှိလာပြီး အထက်တန်းအဆင့် တက်လှမ်းပါက စက်မှု၊ စိုက်ပျိုးမွေးမြူရေးကျောင်းများသို့လည်းကောင်း၊ ပုံမှန်ဘာသာရပ်သင် အထက်တန်းကျောင်းများသို့လည်းကောင်း မိမိဝါသနာအလျောက် ရွေးချယ်တက်ရောက်နိုင်သည့်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်များအနေဖြင့်လည်း အလယ်တန်းအဆင့်သင်တန်းများဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အသေးစိတ်ဆက်လက်ညှိနှိုင်းဆွေးနွေးကာ သင်ရိုးညွှန်းတမ်းရေးဆွဲပြုစုရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

ယင်းနောက် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများကထောက်ခံလျက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

မြဝတီ

## ပင်စင်ဦးစီးဌာန နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပင်စင်ဦးစီးဌာန၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ဝန်ထမ်းများသည် နေပြည်တော်ရှိ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ယမန်နေ့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ထိုသို့သွေးလှူဒါန်းမှုကို ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆေးရုံတာဝန်ရှိသူများက သွေးလှူဒါန်းခဲ့ကြသည့် ပင်စင်ဦးစီးဌာနမှ ဝန်ထမ်းများအတွက် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှာဟောင်းကြီး၌ တူးဖော်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ပုဂံ ဇန်နဝါရီ ၉

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ မူလသွင်ပြင်စရိုက်လက္ခဏာများမပျောက်ပျက်စေရေး၊ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့နေစေရေး တူးဖော်သုတေသနလုပ်ငန်းများ၊ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးညီမွန်း ဦးဆောင်သည့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် အဆိုပါတူးဖော်သုတေသနပြုလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းစံကားကျောင်းတိုက်၏ မဟာရံတံတိုင်းအရှေ့ဘက်အား တူးဖော်သုတေသနပြုဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဦးစီးအရာရှိ (သုတေသန)နှင့် တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသခဲ့သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေဖြင့် ရှာဟောင်းကြီး Buddhist Complex ရှိ ရှေးဟောင်းစေတီပုထိုးများ၊ အုတ်ကျောင်းများ၊ တံတိုင်းများဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တူးဖော်သုတေသနပြုခြင်းလုပ်ငန်းအား ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

# ကျွန်းလှမြို့နယ်၌ မိုးစပါးဧက ၃၄၀၀၀ ကျော် ရိတ်သိမ်းခြွေလှေ့ပြီးစီး

ကျွန်းလှ ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါး ၃၄၀၉၉ ဧက ရိတ်သိမ်းပြီးချိန်တွင် ၂၅၀၆၇၄၇ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်သီးနှံမျိုးစုံ ၈၁၇၃၉ ဧကစိုက်ပျိုးခဲ့ကြောင်း၊ မိုးစပါး ၃၄၀၉၉ ဧကစိုက်ပျိုးနိုင်ပြီး လက်ရှိအချိန်အထိ စိုက်ဧကအားလုံး ရိတ်သိမ်းခြွေလှေ့ပြီးဖြစ်ကြောင်းနှင့် တစ်ဧကပျမ်းမျှ ၇၃ ဒသမ ၅၁ ရာခိုင်နှုန်းထွက်ရှိကြောင်း သိရသည်။

"မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ရိတ်သိမ်းခြွေလှေ့ပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး ကွင်းဆင်းအသိပညာပေးခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း ချောင်းရေ၊ မြောင်းရေနှင့်မြေအောက်ရေတင်ပြီး စပါးအပြင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံနှင့်နှစ်ရှည်ပင်တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ချောင်းဆုံမြို့နယ်၌ ဆောင်းသီးနှံနေကြာစိုက်ကေများ အောင်မြင်ဖြစ်ထွန်း

ချောင်းဆုံ ဇန်နဝါရီ ၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးရှေးရှုကာ ရာသီအလိုက်သီးနှံမျိုးစုံစိုက်ပျိုးကြသည့် တောင်သူများဆောင်းသီးနှံစိုက်ပျိုးခြင်းမှ သီးနှံအထွက်တိုးဝင်ငွေတိုးပွားစေရန်နှင့် စားသုံးဆီဖူလုံစေရေးအတွက် ယခင်နှစ်ကထက် ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားဆောင်ရွက်လျက်ရှိရာ ဆောင်းသီးနှံနေကြာစိုက်ကေများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



မြို့နယ်အတွင်း လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစပါး ၁၂၄ ဧက၊ နေကြာဧက ၃၅၂၀၊ မြေပဲ ၁၁၉ ဧက၊ နှမ်း ၂၅ ဧက၊ မတ်ပဲဧက ၃၇၂၀၊ ပဲတီစိမ်းဧက ၁၄၅၀၊ ပဲလွမ်း ၂၁ ဧက၊ ဗိုလ်ကိတ်၇၅ ဧက၊ ပဲပုပ်၅ဧကနှင့် ပိုက်ဆန်လျှော်ဧက ၂၀ စုစုပေါင်း ၉၀၇၉ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး လျာထားကေများပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်တိုး အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သည့် မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုပစ္စည်းများကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၀၆)

(၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ဂုဏ်ပြုကဗျာ

## ကြည်သာချမ်းမြေ့ ကချင်ပြည်နယ်နေ့

❄ မေခနှင့်မလိခ အံ့ဖွယ်ထူး
ပူးပေါင်းလို့ ချစ်ကြည်စွာ။
ဧရာဝတီ အမည်လှ
အစပြုပေါ်လာ။
သာယာလှတဲ့ ပြည်နယ်မှာ
စီးဆင်းလာ မြစ်ကြောင်းတစ်လျှောက်။
မြစ်ဝကျွန်းပေါ် သူစုန်ဆင်းတယ်
ကောင်းခြင်းတွေရောက်။

❄ ကချင်ပြည်နယ် အလှရှုခင်း
ကြည်နူးခြင်း မြင်ကွင်းတွင်။
မြစ်ဆုံသည် အလှတစ်ခု
တွေးရှုထင်မြင်။
အင်းတော်ကြီးက အလှဆင်
နှင်းဝေလွှင် တောင်တန်းများ။
အလှတွင် အယဉ်ဆင့်လို့
ထူးတင့်ပေသား။

❄ မနောတိုင် စုပေါင်းအက
လှပလို့ ယဉ်သကို။
စည်းလုံးညီ စုပေါင်းအား
ဝင့်ကြွားနေပျို။
မျက်နှာထားက ပြုံးချိုချို
လှမေပျို ယဉ်လေခြင်း။
နှလုံးသားမှာ ရှင်းသန့်လို့
ရန့်ကြိုင်သင်း။

❄ တိုင်းရင်းသားတွေ စည်းလုံးမှု
ပြည်ထောင်စု တို့နိုင်ငံ။
ဖွံ့ဖြိုးကာ တိုးတက်ရေး
တွေးဆကြရန်။
မျိုးချစ်စိတ် အရင်းခံ
ဇာတိမာန် ဇာတိသွေး။
ကိုယ့်နိုင်ငံ ကိုယ်ချစ်လို့
နှစ်သက်ဖွယ် ပြည်ထောင်စု
ရှေးရှုစို့လေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

ဒီမိုကရေစီ ပန်းတိုင်ဆီ
လှမ်းကိုင်ရည်ဖို့ မဲပေးစို့။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့သို့ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၉

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဇန်နဝါရီလ ၁၂ ရက်မှ စတင်ပြုလုပ်မည့် ကြားနာပွဲသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့သို့ထွက်ခွာသွားကြသည်။

အဆိုပါတရားရုံးကြားနာပွဲကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဇန်နဝါရီလ ၁၆ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ ဇန်နဝါရီလ ၂၈ ရက်မှ ၂၉ ရက်အထိလည်းကောင်း နှစ်ကြိမ်လျှောက်လဲမည်ဖြစ်ကြောင်း သိရှိရသည်။ **မြဝတီ**




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | -၁.၅°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၂°C |
| လွိုင်လင် | ၃.၃°C |
| ဟဲဟိုး | ၃.၄°C |
| တီးတိန် | ၄.၅°C |
| ပင်လောင်း | ၄.၆°C |
| မိုင်းယန်း | ၅°C |
| ပူတာအို | ၅.၂°C |
| သီပေါ | ၅.၄°C |
| မိုးညှင်း | ၅.၈°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၈ | ၂၅ |
| ရှမ်း(မြောက်) | ၆ | ၂၅ |
| ရှမ်း(အရှေ့) | ၉ | ၂၆ |
| ရှမ်း(တောင်) | ၅ | ၂၃ |
| ချင်း | ၁ | ၁၉ |
| စစ်ကိုင်း(အထက်) | ၁၁ | ၂၇ |
| စစ်ကိုင်း(အောက်) | ၁၄ | ၃၀ |
| နေပြည်တော် | ၁၄ | ၃၀ |
| မန္တလေး | ၁၄ | ၃၀ |
| မကွေး | ၁၃ | ၃၀ |
| ရခိုင် | ၁၂ | ၂၉ |
| ပဲခူး | ၁၄ | ၃၂ |
| ရန်ကုန် | ၁၈ | ၃၁ |
| ဧရာဝတီ | ၁၇ | ၃၂ |
| ကယား | ၇ | ၂၅ |
| ကရင် | ၁၅ | ၃၂ |
| မွန် | ၁၈ | ၃၁ |
| တနင်္သာရီ | ၁၇ | ၃၂ |

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဆိုင်ရာဒီပလိုမာသင်တန်း အမှတ်စဉ် (၂) အပိုင်း(၂)သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဆိုင်ရာဒီပလိုမာသင်တန်း အမှတ်စဉ်(၂) အပိုင်း(၂) ( Diploma in International Public Sector Accounting Standards – Dip IPSAS) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် ခိုင်မာအားကောင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်လာစေရေး၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ကဏ္ဍစီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်မှုတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်သော စာရင်းပညာကျွမ်းကျင်သူ၊ စာရင်းပညာရှင် နိုင်ငံ့ဝန်ထမ်းများ တိုးပွားလာစေရေးနှင့် စာရင်းပညာပြန့်ပွားစေရေးတို့အတွက် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းအောင်မြင်ပြီးပါက အပိုင်း(၃) သင်တန်းသို့ ဆက်လက်တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာရရှိရေးကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှသင်တန်းသူ မဆုမြတ်ထွေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသားတစ်ဦး၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၂ ခုမှ သင်တန်းသား ၂၀ ဦး စုစုပေါင်းသင်တန်းသား ၂၁ ဦး တက်ရောက်ပြီးမြောက်ခဲ့ပြီး အပိုင်း(၃) အထိ အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၅၀၄၈ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၅၀၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၁၆၁၅၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါနေကြာစိုက်ပျိုးခြင်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးရာ ယနေ့ထိ ၁၅၀၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာစိုက်ဧက ၁၆၁၅၀ လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ဒီနေ့အထိ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်။ တောင်သူတွေအတွက် အထွက်နှုန်းကောင်းပြီး ဒေသနဲ့ကိုက်ညီတဲ့ နေကြာမျိုးတွေ စိုက်ပျိုးနိုင်အောင်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာသီးနှံအား ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပျဉ်းမနားမြို့နယ်၌ မီးဘေးသင့်အိမ်ထောင်စု ၆၂ စုအတွက် စောင်၊ ဆန်၊ ဆီ၊ ဆားနှင့် ပံ့ပိုးငွေများပေးအပ်




နေပြည်တော် ဇန်နဝါရီ ၉

မြန်မာ-တရုတ် ချစ်ကြည်မှုမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ယာယီ) အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်က ပျဉ်းမနားမြို့နယ် ရန်နိုင်ရပ်ကွက်၌ ဖြစ်ပွားခဲ့သော မီးလောင်မှုတွင် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် မီးဘေးသင့်ပြည်သူများအား ဇန်နဝါရီလ ၇ ရက်နံနက်ပိုင်းက မြန်မာ-တရုတ် ချစ်ကြည်မှု မြှင့်တင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ယာယီ) ၏ဒုတိယဥက္ကဋ္ဌ ဒေါ်စမ်းစမ်းထွေးနှင့် အသင်းအဖွဲ့ဝင်များ၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးခွန်းခူ(ပျဉ်းမနားမြို့နယ်) နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးဘသန်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထိုသို့ကြည့်ရှုရာတွင် မြန်မာ-တရုတ် ချစ်ကြည်မှုမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ယာယီ)၏ ဒုတိယဥက္ကဋ္ဌက မီးဘေးသင့်အိမ်ထောင်စု တစ်စုလျှင် စောင်၊ ဆန်၊ ဆီ၊ ဆား တန်ဖိုးငွေကျပ် ၂၃၈၅၀၀ နှုန်းဖြင့် အိမ်ထောင်စု ၆၂ စုစာအတွက် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၄၇၈၇၀၀၀ နှင့် Royal D အားဖြည့်အချိုရည်ကတ်များ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက္ကူစက်ရုံ(သာပေါင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူများက မြန်မာစီးပွားရေးကော်ပိုရေးရှင်းစက္ကူစက်ရုံ(သာပေါင်း)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါးပျော့ဖတ်ထုတ်လုပ်ရေးစက်ရုံ၌ ဝါးကုန်ကြမ်းများအား အဆင့်ဆင့်ကြိတ်ခွဲခြင်း၊ ရေနွေးငွေ့ဖြင့် ပေါင်းခံခြင်း၊ အရောင်ချွတ်ခြင်းလုပ်ငန်းများနှင့် ပျော့ဖတ်ရရှိလာမှုလုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**❖ နိုင်ငံတော်အနေဖြင့် ပြည်တွင်းလိုအပ်ချက်ရှိနေသည့်စက္ကူအမျိုးမျိုးကို နှစ်စဉ်ပြည်ပမှတင်သွင်းနေရ၊ စက္ကူထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ် . . .**

**❖ စက္ကူထုတ်လုပ်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ပျော့ဖတ်ရရှိရေးသည် အရေးကြီးပြီး အရည်အသွေးကောင်းမွန်သည့် စက္ကူများထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် သတင်းစာစက္ကူထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း စက္ကူစက်ရုံ (သာပေါင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တာဝန်ရှိသူများက စက်ရုံရှင်းလင်းဆောင်ခန်းမတွင် စက်ရုံ သမိုင်းအကျဉ်း၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စက်ရုံဆိုင်ရာအချက်အလက်များနှင့် ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဝင်ငွေ၊ အသုံးစရိတ်နှင့် အမြတ်/အရှုံးနှိုင်းယှဉ်မှု၊ သတင်းစာစက္ကူများထုတ်လုပ်ခဲ့မှုနှင့် ဖြန့်ဖြူးရောင်းချမှု၊ တန်(ဖ၀)သတင်းစာစက္ကူစက်ရုံတွင် သတင်းစာထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံတွင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် စမ်းသပ်ထုတ်လုပ်နေမှု၊ တန်(ဖ၀)ဝါးပျော့ဖတ်စက်ရုံတွင် ဝါးပျော့ဖတ်များစမ်းသပ်ထုတ်လုပ်လျက်ရှိမှု၊ တန်(၄၀) လောင်စာတောင့် စက်ရုံတွင် လောင်စာတောင့်များ ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ထုတ်လုပ်နေမှု၊ ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၁၂ သို့ ➢

➢ စာမျက်နှာ ၁၁ မှအဆက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အနေဖြင့် ပြည်တွင်းလိုအပ်ချက်ရှိနေသည့်စက္ကူအမျိုးမျိုးကို နှစ်စဉ်ပြည်ပမှတင်သွင်းနေရကြောင်း၊ သို့ဖြစ်၍ စက္ကူထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်မှုကုန်ကြမ်းများဖြစ်သည့် သစ်၊ ဝါးများ လိုအပ်မှုကို ဖြည့်တင်းပေးနိုင်ရန် သစ်၊ ဝါးများစိုက်ပျိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူဖြစ်စေပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ စက္ကူထုတ်လုပ်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ပျော့ဖတ်ရရှိရေးသည် အရေးကြီးပြီး အရည်အသွေးကောင်းမွန်သည့်စက္ကူများထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝါးပျော့ဖတ်ထုတ်လုပ်ရေးစက်ရုံ၌ ဝါးကုန်ကြမ်းများအား အဆင့်ဆင့်ကြိတ်ခွဲခြင်း၊ ရေနွေးငွေ့ဖြင့် ပေါင်းခံခြင်း၊ အရောင်ချွတ်ခြင်းလုပ်ငန်းများနှင့် ပျော့ဖတ်ရရှိလာမှုလုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံတွင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ထုတ်လုပ်ထားသည့် အဆင့်မြင့်စက္ကူများကိုလည်းကောင်း၊ တန်(၆၀)သတင်းစာစက္ကူစက်ရုံတွင် သတင်းစာစက္ကူထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်း၊ စွမ်းအင်လောင်စာတောင့်စက်ရုံတွင် လောင်စာတောင့် ထုတ်လုပ်နေမှုအဆင့်ဆင့်ကိုလည်းကောင်း စက်ရုံတစ်ခုချင်းစီအလိုက် အသီးသီးလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် သတင်းစာစက္ကူထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

## မြစ်ကြီးနားမြို့ရှိ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်ကြီးများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မူလတန်းပြဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး (ECCD) သင်တန်းများပို့ချပေးရန်နှင့် အင်္ဂလိပ်စာစွမ်းရည်မြင့်မားရေးသင်တန်းများပို့ချပေးရန်တို့ကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာအလယ်တန်းအဆင့်အတန်းများရှိကျောင်းသား၊ ကျောင်းသူများအတွက် လာမည့်ပညာသင်နှစ်တွင် စက်မှုစိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် Grade-9 ပညာသင်ယူပြီးမြောက်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာရေးဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ကျောင်းအုပ်ကြီးနှင့် ဘာသာရပ်ဌာနမှူးများက သင်ကြားရေးဆိုင်ရာအချက်အလက်များ၊ သင်ကြားသင်ယူမှုများဆောင်ရွက်နေမှုနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဒီဂရီကောလိပ်ကျောင်းဆင်းများအနေဖြင့် မူလတန်းပြ၊ အလယ်တန်းပြဆရာ၊ ဆရာမများအဖြစ် စတင်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ဘွဲ့လွန်ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန် အချို့ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်သင်တက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့တက်ရောက်ရန် လေ့ကျင့်ပြင်ဆင်

ပဲခူး ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များနှင့်အုပ်ချုပ်သူများသည် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကိုတက်ရောက်ပြီး ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုပါဝင်ဆွေးနွေးနိုင်ရေးအတွက် ဇန်နဝါရီလ ၈ ရက်နံနက်ပိုင်းမှစတင်၍ ပဲခူးတက္ကသိုလ်၌ အချင်းချင်း အသိပညာများ မျှဝေခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးမှ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်တက်ရောက်ပြီး အုပ်ချုပ်သူများနှင့် လူငယ်ကိုယ်စားလှယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြောကြားသည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(၁)၌ ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါဖိုရမ်သို့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအုပ်ချုပ်သူနှင့်လူငယ်ကိုယ်စားလှယ် ၁၂ ဦး ပါဝင်တက်ရောက်ဆွေးနွေးမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များအနေဖြင့် လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အားကစား၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းနှင့် စွန့်ဦးတီထွင်မှု၊ ကျန်းမာရေး၊ မူးယစ်၊ IT , AI လူမှုကွန်ရက်နှင့်ပတ်သက်သည့် ခေါင်းစဉ်များကို အုပ်စုများခွဲ၍ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါကဏ္ဍအသီးသီးတို့တွင် ပါဝင်ဆွေးနွေးနိုင်ရေးအတွက် ပဲခူးတက္ကသိုလ်၌ ဇန်နဝါရီလ ၈ ရက်မှ ၁၀ ရက်အထိ အသိပညာများ မျှဝေခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးမှဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၁)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚c | / | ၃၀˚c |
| ရန်ကုန် | ၁၈˚c | / | ၃၁˚c |
| မန္တလေး | ၁၄˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံ့ဝန်ထမ်းကောင်းများ၏ ခိုင်မာသောရပ်တည်မှုဖြင့် နိုင်ငံတော်တည်ဆောက်ခြင်း

ကိုဘုန်း(ထုတ်လုပ်)

နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှု၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် မည်သည့်အရာပေါ်တွင် အခြေခံသင့်သနည်း။ စီးပွားရေးမဟာဗျူဟာလော၊ သယံဇာတပေါကြွယ်ဝမှုလော သို့မဟုတ် နည်းပညာအဆင့်မြင့်မားမှုလော။ ဤအရာများသည် အရေးကြီးသော်လည်း ပိုမိုအခြေခံကျပြီး မရှိမဖြစ်လိုအပ်သော အချက်တစ်ခုမှာ **"နိုင်ငံတော်ကို ချစ်မြတ်နိုးပြီး တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများ၏ စုစည်းအားဖြင့် နိုင်ငံကောင်းတည်ဆောက်နိုင်ခြင်း"** ပင်ဖြစ်သည်။ **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဟူသော ဆိုရိုးစကားသည် အချည်းနှီးမဟုတ်ပေ။

## ဝန်ထမ်းကောင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဝန်ထမ်းကောင်းတစ်ဦးတွင် အရည်အချင်းသည်သာ အဓိကမဟုတ်ပါ။ ထိုအရည်အချင်းများကို အသုံးချရာတွင် လမ်းညွှန်ပေးမည့် ခိုင်မာသော ကိုယ်ကျင့်တရားနှင့်တန်ဖိုးများလည်းရှိရပါမည်။ ဤတန်ဖိုးများသည် အချင်းချင်းဆက်စပ်လျက်ရှိနေပြီး အောက်ပါအတိုင်းဖော်ပြနိုင်သည်။

ပထမအချက်မှာ **"နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း"** ဖြစ်သည်။ ဤသည်မှာ အနှစ်သာရကျသော အရည်အချင်းဖြစ်၍ ကိုယ်ကျိုးထက် နိုင်ငံတော်၏ အကျိုးစီးပွားကို ဦးစားပေးနိုင်ခြင်း၊ ဥပဒေနှင့်စည်းမျဉ်းများကို လေးစားလိုက်နာခြင်းနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ကာကွယ်လိုသော စိတ်ဓာတ်တို့ပါဝင်သည်။ ဤသစ္စာရှိမှုသည် အခြေခံအုတ်မြစ်သဖွယ် ဖြစ်၏။

ဒုတိယအချက်မှာ **"တာဝန်ယူမှုနှင့် တာဝန်ခံမှု"** ဖြစ်သည်။ မိမိ၏ရာထူးတာဝန်ကို ကြီးကြပ်မှုမရှိဘဲ ကျေပွန်စွာထမ်းဆောင်ခြင်း၊ ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်းနှင့် အမှားရှိပါကဝန်ခံပြင်ဆင်နိုင်ခြင်းတို့သည် ခိုင်မာသောစိတ်ဓာတ်ကို ဖော်ပြသည်။

တတိယအချက်ဖြစ်သော **"ရိုးသားဖြောင့်မတ်ခြင်း"** သည်လုပ်ငန်းခွင်အတွင်း မရှိမဖြစ်လိုအပ်သည်။ မာန်မာနကင်းရှင်းခြင်း၊ လာဘ်ပေးလာဘ်ယူကင်းစင်ခြင်း၊ ဘက်လိုက်မှုမရှိဘဲ တရားမျှတမှုကို အခြေခံဆောင်ရွက်ခြင်းတို့ဖြင့် ပြည်သူ၏ယုံကြည်မှုကို ရရှိစေနိုင်သည်။

စတုတ္ထအချက်မှာ **"ဝန်ထမ်းစိတ်ဓာတ်"** ဖြစ်သည်။ ဤစိတ်ဓာတ်သည်ပြည်သူလူထုအား ဝန်ဆောင်မှုပေးရန်ရည်ရွယ်ချက်ဖြင့် ကြိုးစားအားထုတ်ခြင်းနှင့် ပြည်သူ့အကျိုးကို ဦးစားပေးသော လုပ်ဆောင်ချက်များကို ဖော်ဆောင်ပေးသည်။

နောက်ဆုံးတွင် **"ပူးပေါင်းဆောင်ရွက်လိုစိတ်နှင့် အစဉ်လေ့လာသင်ယူမှု"** သည် ခေတ်မီတိုးတက်သော ဝန်ထမ်းတစ်ဦး၏ လက္ခဏာဖြစ်သည်။ ခေတ်နှင့်အညီ အသိပညာ၊ အတတ်ပညာများမြှင့်တင်ကာ အဖွဲ့အစည်းအတွင်း ညှိနှိုင်းပူးပေါင်းလုပ်ကိုင်နိုင်ခြင်းသည် ပိုမိုထိရောက်သော ဝန်ဆောင်မှုကိုဖြစ်ထွန်းစေနိုင်သည်။ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးသည် ဤအရည်အချင်းနှင့် တန်ဖိုးများကို ပေါင်းစပ်ပြီး မိမိ၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့်အခါ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အသုံးဝင်လာမည်ဖြစ်သည်။

## ဝန်ထမ်းကောင်းများ၏ အခန်းကဏ္ဍ

ဝန်ထမ်းကောင်းများသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၏ အသက်သွေးကြောသဖွယ်ရှိနေသည်။ ၎င်းတို့သည် **မူဝါဒအကောင်အထည်ဖော်ရေးတွင် ထိရောက်မှုကို အဓိကဆောင်ကြဉ်းပေးသူများ**ဖြစ်သည်။ ကောင်းမွန်သော မူဝါဒများရေးဆွဲပြီးသည့်တိုင်အောင် အောက်ခြေအဆင့်တွင် ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မှသာ ပြည်သူလူထုထံ တကယ့်အကျိုးကျေးဇူးရောက်ရှိမည်ဖြစ်ပြီး ဤလုပ်ငန်းစဉ်ကိုချောမွေ့စေရန် ဝန်ထမ်းကောင်းများက ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဝန်ထမ်းကောင်းတို့သည် **ပြည်သူ၏ယုံကြည်မှုကို အစိုးရနှင့် ပေါင်းကူးတံတားသဖွယ်တည်ဆောက်ပေးသော တံတားများ**လည်းဖြစ်ကြသည်။ ရိုးသားဖြောင့်မတ်ပြီး ဝန်ဆောင်မှုစိတ်ဓာတ်ပြည့်ဝသောဝန်ထမ်းများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံရသော ပြည်သူများသည် နိုင်ငံတော်နှင့် အစိုးရအပေါ် ယုံကြည်မှုတည်ဆောက်မိလာမည်ဖြစ်ပြီး ဤယုံကြည်မှုသည် နိုင်ငံတော်တည်ငြိမ်တိုးတက်မှုအတွက် အဖိုးမဖြတ်နိုင်သော အရင်းအနှီးတစ်ရပ်ပင်ဖြစ်သည်။

ဝန်ထမ်းများသည် ဥပဒေဘောင်အတွင်းမှနေ၍ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အခွင့်ထူးခံစားမှု၊ ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုများကို လျှော့ချနိုင်ပြီး ပြည်သူအားလုံးတန်းတူညီမျှ အခွင့်အရေးများရရှိစေရန် ကြားခံဆောင်ရွက်ပေးနိုင်သည်။ နောက်ဆုံးတွင် ၎င်းတို့သည် နိုင်ငံတော်၏ ရေရှည်တည်တံ့မှုအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည်။ ဝန်ထမ်းကောင်းများသည် နိုင်ငံ၏အမျိုးသားရေးအသိစိတ်ဓာတ်နှင့် အုပ်ချုပ်ရေးများကို လက်ဆင့်ကမ်းသယ်ဆောင်သူများအဖြစ် ဆောင်ရွက်ကာ ခေတ်အဆက်ဆက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားထုတ်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။

> ☛ ***နိုင်ငံကောင်းတစ်ခုကို တည်ဆောက်လိုပါက စီးပွားရေးအစီအစဉ်များ သို့မဟုတ် စီမံကိန်းကြီးများထက် ဦးစွာလုပ်သင့်သည်မှာ ဝန်ထမ်းကောင်းများကို စနစ်တကျမွေးထုတ်ပျိုးထောင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်ပင်ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် နှေးကွေးပြီးသိသာထင်ရှားမှု နည်းနိုင်သော်လည်း ၎င်း၏ အကျိုးသက်ရောက်မှုမှာ နက်ရှိုင်းပြီးရေရှည်တည်တံ့သည်။ အမှန်စင်စစ် "နိုင်ငံ့ဝန်ထမ်းကောင်း ပေါ်များလာလေ၊ နိုင်ငံကောင်းလေ"ဆိုသည့် စကားသည် နိုင်ငံဖွံ့ဖြိုးရေး၏ အခြေခံသဘောတရားကို ရိုးရှင်းစွာနှင့် နက်နက်ရှိုင်းရှိုင်းဖော်ပြနေခြင်းဖြစ်ပါသဖြင့် အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို ဝန်ထမ်းကောင်းများဖြစ်အောင် ပိုမိုပြုစုပျိုးထောင်သင့် . . .***

သို့ရာတွင် ဤသို့သော ဝန်ထမ်းကောင်းများ သဘာဝအလျောက်ပေါ်ထွန်းလာရန် မျှော်လင့်၍ မဖြစ်နိုင်ပေ။ ၎င်းတို့ကို **စနစ်တကျ ပြုစုပျိုးထောင်ရန်** လိုအပ်သည်။ ပထမဦးစွာ **ရွေးချယ်ခန့်အပ်မှုစနစ်**သည် ကျွမ်းကျင်မှုကိုအခြေခံပြီး ပွင့်လင်းမြင်သာမှုနှင့်ယှဉ်ပြိုင်မှုရှိသော စနစ်ဖြစ်ရမည်ဖြစ်သည်။ **လေ့ကျင့်သင်ကြားမှုနှင့်စည်းရုံးမှု**သည် အဆက်မပြတ်ပြုလုပ်ရမည့် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ကာ ဝန်ထမ်းများ၏ အရည်အသွေးနှင့်သစ္စာစောင့်သိမှုကို အစဉ်မြှင့်တင်ပေးရမည်။ ထိရောက်သော စီမံခန့်ခွဲမှုနှင့်ထိန်းကျောင်းမှုဖြစ်ပြီး ကောင်းမွန်သော လုပ်ဆောင်မှုများအတွက် ချီးမြှင့်မှုနှင့် မှားယွင်းသော လုပ်ရပ်များအတွက် တာဝန်ခံမှုစနစ်ခိုင်မာစွာရှိရမည်။ နောက်ဆုံးတွင် **ဂုဏ်သိက္ခာရှိသောဘဝ**ကို ဖန်တီးပေးရန်လည်း မဖြစ်မနေလိုအပ်သည်။ ဝန်ထမ်းများစိတ်အေးလက်အေးဖြင့် မိမိတာဝန်ကို စူးစိုက်နိုင်ရန် လုံလောက်သော လစာ၊ စရိတ်နှင့် ကောင်းမွန်သောလုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်ပင်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်ကြသူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်။ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော နိုင်ငံဖြစ်အောင် နိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော်ကြသည်။ နိုင်ငံတော်အစိုးရကိုကိုယ်စားပြု၍ ခေတ်အဆက်ဆက်ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။

> ☛ ***နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်ကြသူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်။ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောနိုင်ငံဖြစ်အောင် နိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော်ကြသည်။ နိုင်ငံတော်အစိုးရကိုကိုယ်စားပြု၍ ခေတ်အဆက်ဆက်ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။***

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၁ ရက်က ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိစဉ် **"နိုင်ငံရေးတွင် အာဏာရပါတီအလိုက်၊ အစိုးရအဖွဲ့အလိုက် မူဝါဒများကွဲပြားသွားမည်ဖြစ်သော်လည်း ရုံး/ဌာနများအနေဖြင့် ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း၊ ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း"** ပြောကြားခဲ့သည်။

အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၏ အဓိကအစိတ်အပိုင်းနှစ်ရပ်ဖြစ်သည်။ အစိုးရအဖွဲ့သည် သက်တမ်းကာလတစ်ခုအတွင်း နိုင်ငံရေးဦးဆောင်မှုပေးကာ မူဝါဒများချမှတ်သော နိုင်ငံရေးအဖွဲ့ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများမှာ ထိုမူဝါဒများကို တည်ငြိမ်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အုပ်ချုပ်ရေးယန္တရား၏ ကျောရိုးသဖွယ်ဖြစ်သည်။ နိုင်ငံရေးအရ ဦးဆောင်သူများ သက်တမ်းအလိုက် အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ဝန်ထမ်းသက်တမ်းကုန်ဆုံးသည်အထိ နိုင်ငံတော်၏ရေရှည်ရည်မှန်းချက်များကို ဆက်လက်ထိန်းဆောင်ကြရသည်။

ယခုအခါတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အရည်အချင်း၊ အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင် တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့ကို ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးနှင့် စံချိန်စံညွှန်းတစ်ပြေးညီဖြစ်ရေးအတွက် နိုင်ငံတော်က စနစ်တကျချမှတ်ထားသော မူဝါဒတစ်ရပ်မှာ သတ်မှတ်ထားသည့် သင်တန်းများကို တက်ရောက်အောင်မြင်ပြီးမှသာ ရာထူးတိုးမြှင့်ခွင့်ပြုသည့် စည်းမျဉ်းဖြစ်သည်။ ဤမူဝါဒ၏ အဓိကရည်ရွယ်ချက်မှာ ဝန်ကြီးဌာနအားလုံးရှိ နိုင်ငံ့ဝန်ထမ်းအားလုံး လုပ်ထုံးလုပ်နည်း၊ စည်းကမ်းနှင့် ဝန်ဆောင်မှုစိတ်ဓာတ်တို့တွင် ပုံစံတကျဖြစ်စေရန်နှင့် အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး၏ထိရောက်မှုကိုမြှင့်တင်ရန်ဖြစ်သည်။ ဤအချက်ကိုအကောင်အထည်ဖော်ရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကိုဖွင့်လှစ်ကာ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံသားတိုင်း၏ အခြေခံတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးနှင့် စောင့်ရှောက်ရေးကိုလည်း ဝန်ထမ်းပညာရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပေါင်းစပ်သင်ကြားပေးလျက်ရှိသည်။ သင်ရိုးညွှန်းတမ်းများတွင် အခြေခံစစ်ပညာဘာသာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်၏လုံခြုံရေးအရေးကိစ္စများတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်သည်။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးသည် နိုင်ငံရေးအယူအဆများ၊ မိမိဌာနနှင့်သက်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုပညာရပ်များကို

စာမျက်နှာ ၁၄ သို့ ❐

❒ **စာမျက်နှာ ၁၃ မှအဆက်**
စနစ်တကျတတ်မြောက်ရမည့်အပြင် ကာကွယ်ရေးဆိုင်ရာ အခြေခံဗဟုသုတများကိုပါ ပိုင်ဆိုင်ထားရမည်။ ဤသို့ဘက်စုံပညာရပ်များ ပေါင်းစပ်သင်ကြားပေးမှုဖြင့်သာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးဟူသော ကဏ္ဍသုံးရပ်စလုံးတွင် အထောက်အကူပြုနိုင်သည့် ခေတ်မီဝန်ထမ်းကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ခေတ်မီသောအဆောက်အအုံများ၊ ကျယ်ပြန့်သောလမ်းများ သို့မဟုတ် ခိုင်မာသော အင်စတီကျူးရှင်းများကို ကြည့်တတ်ကြသည်။ သို့ရာတွင် ဤအရာများအားလုံးထက် ပိုမိုတန်ဖိုးရှိသောအရာမှာ ထိုအဆောက်အအုံများကို ဒီဇိုင်းဆွဲသူ၊ ထိုအင်စတီကျူးရှင်းများကို လည်ပတ်စေသူနှင့်ပြည်သူ့ဝန်ဆောင်မှုများကို နေ့စဉ်ပံ့ပိုးပေးနေသူများဖြစ်သည့် **လူသားများ၏အရည်အသွေး**ပင်ဖြစ်သည်။

နိုင်ငံတော်ကို စစ်မှန်စွာချစ်မြတ်နိုးပြီး တာဝန်ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်သည့် ဝန်ထမ်းကောင်းများသည် နိုင်ငံတော်၏ရပ်တည်မှုအားခိုင်မာစေသည့် ဒေါက်တိုင်များနှင့်တူသည်။ ၎င်းတို့သည် ရေရှည်တည်တံ့ခိုင်မြဲမှုကို ကိုယ်စားပြုပြီး မတိမ်းယိမ်းဘဲ မြဲမြံစွာရပ်တည်နိုင်စေရန် အခြေခံအုတ်မြစ်ချပေးကြသူများလည်းဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် စက္ကူပေါ်ရှိ မူဝါဒများကို လက်တွေ့ဘဝသို့ **အသက်သွင်းပေးသူများ**ဖြစ်ကာ ရည်မှန်းချက်များကို လက်တွေ့အောင်မြင်မှုများအဖြစ် ပြောင်းလဲပေးနိုင်သည့် သက်ရှိယန္တရားများဖြစ်ကြသည်။

သို့ဖြစ်ရာ နိုင်ငံကောင်းတစ်ခုကို တည်ဆောက်လိုပါက စီးပွားရေးအစီအစဉ်များ သို့မဟုတ် စီမံကိန်းကြီးများထက် ဦးစွာလုပ်သင့်သည်မှာ **ဝန်ထမ်းကောင်းများကိုစနစ်တကျမွေးထုတ်ပျိုးထောင်နိုင်ရေး**အတွက် ရင်းနှီးမြှုပ်နှံရန်ပင်ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် နှေးကွေးပြီး သိသာထင်ရှားမှုနည်းနိုင်သော်လည်း ၎င်း၏အကျိုးသက်ရောက်မှုမှာ နက်ရှိုင်းပြီး ရေရှည်တည်တံ့သည်။ အမှန်စင်စစ် **"နိုင်ငံ့ဝန်ထမ်းကောင်း ပေါ်များလာလေ၊ နိုင်ငံကောင်းလေ"** ဆိုသည့် စကားသည် နိုင်ငံဖွံ့ဖြိုးရေး၏ အခြေခံသဘောတရားကို ရိုးရှင်းစွာနှင့်နက်နက်ရှိုင်းရှိုင်းဖော်ပြနေခြင်းဖြစ်ပါသဖြင့် အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို ဝန်ထမ်းကောင်းများဖြစ်အောင် ပိုမိုပြုစုပျိုးထောင်သင့်ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)အား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် တစ်အိမ်တက်ဆင်း Voter Slip များ လိုက်လံဖြန့်ဝေပေးခြင်းကို ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

ဆန်းကိုကို(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအသီးသီးရှိမဲရုံများ၌ အသုံးပြုရန်အတွက် MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများကို ဇန်နဝါရီလ ၈ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း)ရှိ WORK SHOP အဆောက်အအုံ၌ မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများကထုတ်ပေးစဉ်။

နေအောင်(ပြန်/ဆက်)




ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ဇန်နဝါရီလ ၉ ရက်တွင် မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများအား မဲရုံတာဝန်ရှိသူများကို စနစ်တကျထုတ်ပေးစဉ်။

ချစ်သက်လယ်
(အိမ်မဲပြန်/ဆက်)



ရှမ်းပြည်နယ် (တောင်ပိုင်း) အင်တောမြို့၌ "တို့အတူတူ မဲပေးကြမယ်"အသိပညာပေး လက်ကမ်းစာစောင်များကို ဇန်နဝါရီလ ၉ ရက် နံနက်ပိုင်းတွင် မြို့မဈေး၊ ရပ်စောက်-အင်တော-နောင်ချိုကားလမ်းမပေါ်ရှိ ပြည်သူများအား ဖြန့်ဝေပေးစဉ်။

အင်တော(ပြန်/ဆက်)

## MWD Education, Knowledge & Sports Channel

**၁၀-၁-၂၀၂၆(စနေနေ့)**

၁။ ၀၈:၀၀ - ၁၀:၀၀ Grade-10 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၄:၀၀ - ၁၅:၀၀ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ဇီဝဗေဒဘာသာရပ်)
၃။ ၁၂:၀၀ - ၁၄:၂၀ Grade-10 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ
၄။ ၁၆:၀၀ - ၁၈:၄၀ Grade-10 ရူပဗေဒ၊ ဇီဝဗေဒ
၅။ ၁၈:၄၀ - ၂၀:၀၀ Grade-10 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

## သဇင်(FM)အသံလွှင့် အစီအစဉ်

၁၀-၁-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

## MWD Variety Channel

၁၀-၁-၂၀၂၆(စနေနေ့)

၁။ ၀၉:၂၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၁:၄၅ မြတ်နိုးစေချင်သဘာဝ ပတ်ဝန်းကျင်
၃။ ၁၄:၃၀ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၄။ ၁၇:၂၀ စကားလက်ဆုံ

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ ခွင့်ကြုံခိုက်မှာမဲပေးစို့။**

**ရွေးကောက်ပွဲကို ဆင်နွှဲမည် နိုင်ငံတော်သစ်ရှေ့သို့ချီ**

❒ **စာမျက်နှာ ၁၇ မှအဆက်**

ဟိုင်းကြီးကျွန်းဒေသသည် ဝေးလံသည့်ဒေသတွင်တည်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့၏စားရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဘဝကို ထိခိုက်စေနိုင်သည့် အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှရှောင်ကြဉ်ကြရန်လိုကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများသည် တပ်မတော်၏ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများဖြစ်သဖြင့် မိမိကိုယ်တိုင်နှင့် မိမိတို့၏ မိသားစုများကိုလည်း ကောင်းမွန်သည့် အလေ့အကျင့်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့်အရာရှိ၊စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး သမိုင်းဝင်မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်ရင်ပြင်တော်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် စေတီတော်ပရိဝုဏ်နှင့် သာသနိက အဆောက်အဦများအတွင်း ရေဝင်ရေထွက် ကောင်းမွန်စေရေးနှင့် သန့်ရှင်းသပ္ပာယ်ကြည်ညိုဖွယ်ဖြစ်စေရေး ဆောင်ရွက်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ရာသီဥတုဒဏ်ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်၊ ဘုရားဖူးလာ မိဘပြည်သူများအဆင်ပြေစွာဖြင့် တည်းခိုနေထိုင်နိုင်ရေးစီမံဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဎင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား မြသပိတ် ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်ပြီး လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးအား မြသပိတ်၊ ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့်သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စေတီတော်ကြီးရှိသာသနိကအဆောက်အအုံများ၊ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအားကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စေတီတော်ကြီးအတွက် ဘက်စုံအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

**❖ ဟိုင်းကြီးကျွန်းတပ်နယ်အနေဖြင့် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ဒေသလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်၍ အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လို . . .**

**❖ ဆက်သွယ်မှုအလှမ်းဝေးသည့်ဒေသတစ်ခုဖြစ်သဖြင့် အရာရှိ၊ စစ်သည်များ၏ သက်သာချောင်ချိရေးကိုသာမက မိမိတို့တာဝန်ထမ်းဆောင်ရသည့်ဒေသမှ ဒေသခံများ၏ သက်သာချောင်ချိရေးအတွက်ကိုလည်း ဖော်ဆောင်ပေးကြရန်လိုပြီး တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက် . . .**

**❖ ရွေးကောက်ပွဲအပိုင်း(၁)ရလဒ်များကိုလည်း ပြည်သူများအားလုံး ပွင့်လင်းမြင်သာစွာသိရှိနိုင်ရေး ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်၊ မိမိတို့နိုင်ငံ၌ နိုင်ငံ့အရေးကို လေးလေးနက်နက်ဖြင့် ဆောင်ရွက်လိုသည့် နိုင်ငံရေးသမားစစ်စစ်များ လိုအပ်နေဆဲဖြစ်သည်ကို ဖြတ်သန်းလာမှုအတွေ့အကြုံများအရ တွေ့ရှိရ . . .**

❒ ကျောဖုံးမှအဆက်

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဟိုင်းကြီးကျွန်းတပ်နယ်အနေဖြင့် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ဒေသလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်၍ အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် စစ်သည်တစ်ဦးချင်းစီအလိုက် ကျန်းမာကြံ့ခိုင်သန်စွမ်းမှုရှိစေရေး၊ ရဲစွမ်းသတ္တိရှိစေရေးနှင့် တိုက်ပွဲဝင်နိုင်စွမ်းရှိစေရေး၊ ကိုယ်စီလုပ်ငန်းတာဝန်များနှင့် ကိုင်ဆောင်ရသည့် လက်နက်ပစ္စည်းများ ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ တပ်နယ်အတွင်း တရားမဝင် သယံဇာတထုတ်ယူနေမှုများ၊ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်နေမှုများ၊ တရားမဝင် မှောင်ခိုသွားလာနေမှုများမရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက်လည်း အမြဲမပြတ် ကြပ်မတ်စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း။

ကမ်းရိုးတန်းဒေသဖြစ်သဖြင့် ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို တွက်ချက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ မရနိုင်သော်လည်း ကြိုတင်ကာကွယ်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှုများကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီရေတောများနှင့် သစ်တောများစိုက်ပျိုးခြင်းအပါအဝင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျတွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုပြီး စဉ်ဆက်မပြတ်သည့် စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်နယ်အတွင်း အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ဖူလုံမှုအပြင် ပိုလျှံသည်များကို ဒေသခံပြည်သူများသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားရန်လိုကြောင်း၊ ဆက်သွယ်မှုအလှမ်းဝေးသည့် ဒေသတစ်ခုဖြစ်သဖြင့် အရာရှိ၊ စစ်သည်များ၏ သက်သာချောင်ချိရေးကိုသာမက မိမိတို့တာဝန်ထမ်းဆောင်ရသည့်ဒေသမှ ဒေသခံများ၏ သက်သာချောင်ချိရေးအတွက်ကိုလည်း ဖော်ဆောင်ပေးကြရန်လိုပြီး တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်နယ်အတွင်း လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း တတ်စွမ်းသရွေ့ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ခန်းမ၌ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**ပါတီစုံဒီမိုကရေစီ**
**အထွေထွေရွေးကောက်ပွဲ**
**အောင်မြင်စွာကျင်းပနိုင်ရေး**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ် ၁၀၂ မြို့နယ်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မည်သည့်ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုသို့ ပြည်သူများဆန္ဒမဲပေးနေမှုများကို နိုင်ငံတကာမှ ရွေးကောက်ပွဲ


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တပ်နယ်မှူးကလက်ခံရယူစဉ်။

❖ **အတတ်ပညာသည်လူတော်ဖြစ်စေနိုင်ပြီး အသိပညာသည်လူကောင်းဖြစ်စေနိုင်ခြင်းကြောင့် လူတော်လူကောင်းများဖြစ်လာစေရေး အတတ်ပညာသာမက အသိပညာများပါ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများရရှိလာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

❖ **နိုင်ငံရေးသည် ပညာရေးနှင့်ဆက်နွှယ်လျက်ရှိပြီး နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ် . . .**

❖ **ပညာရေးသည်နိုင်ငံတော်၏အနာဂတ်အတွက် အရေးကြီး၊ KG+9 အထိ မသင်မနေရ ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်၏ပညာရေးကဏ္ဍ အဆင့်မြှင့်တင်နေခြင်းပင်ဖြစ်၍ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လို . . .**

စောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း လာရောက်လေ့လာတွေ့ရှိခဲ့ကြပြီး ကောင်းမွန်သည့်သုံးသပ်ချက်များရှိခဲ့ကာ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်သည်ဟု သုံးသပ်ပြောကြားခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့်လည်း ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ၊ သမာသမတ်ရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် သိက္ခာရှိသည့်လွှတ်တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)တို့တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး အားလုံးကဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆန္ဒမဲများပေးရာတွင်လည်း ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူ၊ အမျိုးဘာသာ သာသနာအကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်နေသရွေ့ အခိုင်မာဆုံးသောအဖွဲ့အစည်းအဖြစ်တည်ရှိနေသည့်တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့်သူများကိုရွေးချယ်၍ ဆန္ဒမဲပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) ရလဒ်များကိုလည်း ပြည်သူများအားလုံးပွင့်လင်းမြင်သာစွာသိရှိနိုင်ရေး ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နိုင်ငံ့အရေးကို လေးလေးနက်နက်ဖြင့် ဆောင်ရွက်လိုသည့် နိုင်ငံရေးသမားစစ်စစ်များ လိုအပ်နေဆဲဖြစ်သည်ကိုဖြတ်သန်းလာမှု အတွေ့အကြုံများအရ တွေ့ရှိရကြောင်း။

**အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ရေး**

ပညာသင်ကြားရေးနှင့်ပတ်သက်၍ မကြာခင်ကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကိုအောင်မြင်စွာဖြင့် ဖြေဆိုအောင်မြင်နိုင်ရေး တာဝန်ရှိသူများနှင့်မိဘများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် မိဘများအနေဖြင့် ငွေကြေးကုန်ကျမှုများရှိသကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အချိန်များပေး၍ပညာသင်ကြားကြရခြင်းဖြစ်သဖြင့် အတန်းတင်စာမေးပွဲများကို အောင်မြင်စွာဖြင့်ဖြေဆိုနိုင်ရေး မိဘများအနေဖြင့် မိမိတို့၏သားသမီးများကို တိုက်တွန်းအားပေးဆောင်ရွက်ပေးကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် မိသားစုဝင်ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်ရေး ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာပညာ အခြေခံသင်တန်းနှင့် အခြားအကျိုးရှိစေမည့်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကိုလည်း ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် ပညာရေးကိုအလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်များအနေဖြင့်လည်း မိမိတို့၏သားသမီးများထူးချွန်မှုရှိစေရေး ပညာရေးကို အားပေးဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံ၏ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းအခြေအနေများကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ပညာရေးကိုအလေးထားမြှင့်တင်ခြင်းအားဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်အောင်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာနှင့်အသိပညာများရရှိနိုင်မည်ဖြစ်ကြောင်း၊ **အတတ်ပညာသည်လူတော်ဖြစ်စေနိုင်ပြီး အသိပညာသည်လူကောင်းဖြစ်စေနိုင်ခြင်းကြောင့် လူတော်လူကောင်းများဖြစ်လာစေရေး အတတ်ပညာသာမက အသိပညာများပါကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများရရှိလာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း အတန်းပညာများ တက်ရောက်မှုအပေါ်တွင် မူတည်၍ ၎င်းတို့၏အသိပညာ၊ အတတ်ပညာသိရှိမှုနှင့်စည်းကမ်းလိုက်နာမှုများ ကွာခြားသွားကြသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ငယ်ရွယ်စဉ်ကလေးဘဝကတည်းက ပညာအားပြည့်ဝစွာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

နိုင်ငံရေးသည် ပညာရေးနှင့်ဆက်နွှယ်လျက်ရှိပြီး နိုင်ငံအတွင်းပညာတတ်လူသားအရင်းအမြစ်များပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ၏ ပညာရေးကဏ္ဍကိုမြှင့်တင်နိုင်ရန်အတွက် KG+9 အဆင့်အထိ မဖြစ်မနေသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာရေးသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးကြောင်း၊ ထို့ကြောင့် KG+9 အထိ မသင်မနေရ ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်နေခြင်းပင်ဖြစ်၍ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာများ တတ်ကျွမ်းသည့်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ လာမည့်ပညာသင်နှစ်တွင်လည်း Grade- 7 မှ Grade-9 အထိ ကျောင်းသား၊ ကျောင်းသူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို အခြေခံအဖြစ် သင်ကြားပေးနိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေး မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ပြည်သူများ အလုပ်အကိုင်များ အဆင်ပြေချောမွေ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်နယ်နိမိတ်သဘောတူညီချက်များ ထားရှိပြီးဖြစ်ကြောင်း။** နယ်စပ်ဒေသများနှင့်တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းဒေသများ၌ တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာတတ်များပေါကြွယ်ဝရန် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးအားနည်းသည့်ဒေသများတွင် ပညာတတ်များပေါကြွယ်ဝစေရေး မိမိတို့အနေဖြင့် ပညာရေးအားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားအခွင့်အရေးများရရှိအောင် ပညာရည်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးကို မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်နိုင်ရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ နောင်တက်လာမည့်အစိုးရလက်ထက်တွင်လည်း အဆိုပါပညာရည်မြင့်မားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်၌ တည်ငြိမ်အေးချမ်းစွာဖြင့် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

**စာမျက်နှာ ၁၅ သို့** ❐

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing meets with officers, other ranks and families of Hainggyikyun Station of South-West Command HQ

NAY PYI TAW January 9

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing met with officers, other ranks and families of Hainggyikyun Station of South-West Command HQ this morning.

**Implementation of staff, adjutant, quartermaster functions**

The Senior General, accompanied by SSPC Secretary General Ye Win Oo and members of the entourage, arrive at Hainggyikyun Station, and heard a report on points of the station, progress in implementing the guidance given by the Senior General during the inspection of the station in 2023, successful holding of the multi-party democracy election in the station and organizing territory, preparations for guaranteeing the rights of the voters and their safe voting, shouldering of staff, adjutant and quartermaster duties and welfare activities by the Naval Command commander at the meeting hall of the local naval command HQ.

In response, the Senior General said the station must successfully shoulder its duties to launch operations, security operations and territorial domination operations. It also needs to always pay attention to the duty of safeguarding the territory and nation. In doing so, every individual soldier must be fit and healthy, have the courage and fighting ability and undergo constant training for serving the relevant duties well and handle the weapons skillfully. The station must conduct constant monitoring and action to prevent illegal exploitation of resources and trafficking of illicit drugs and contraband and tighten the rule of law in its territory.

As the station is in the coastal area, calculations should be made and preventive measures taken against the possible natural disasters. Although natural disasters cannot be avoided, preparatory measures can reduce its destructive impact. Preventive measures, including the establishment of mangrove trees and terrestrial trees, must be carried out with careful calculations. The station must successfully conduct locally friendly farming activities in its area and turn them into a constant business. In producing meat, fish and vegetables, the station must be able to sufficiently fulfill its food demand and distribute the surplus to the locals at fair prices. As it is located in a faraway place, the station must carry out the welfare undertakings for the locals, apart from its officers and other ranks, and must successfully implement internal and external organizing activities. The station must carry out development undertakings and serve the interest of the locals to the most possible degree, alongside its security and defence duties.



Senior General Min Aung Hlaing gives instructions on providing a convenient ambiance for pilgrims.



Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing meets with officers, other ranks and families from Hainggyikyun Station.

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing met with officers, other ranks and families from Hainggyikyun Station at the hall of the station, and delivered an address.

Also present at the meeting together with the Senior General were General Ye Win Oo, Commander-in-Chief (Navy) Admiral Htein Win, senior military officers from the Office of the Commander-in-Chief, and the South-West Command commander.

**Successful holding of multi-party democracy general election**

The Senior General said the phase 1 of the election was successfully held in 102 townships on 28 December 2025. Everyone had witnessed the voters orderly casting ballots as good citizens under their free will, without facing pressures from any sources. Seeing this scene, international monitoring teams gave positive comments, saying that it was a free and fair election. The government is also endeavouring for an election that is free, fair and reputable and emergence of a credible parliament. The phase 2 and phase 3 of the election will be coming soon, and collective efforts must be made for ensuring the voter rights and safety voting.

Voters should choose a person who will serve the interest of their region, nation, race and religion, uphold Our Three Main National Causes, who have the vision for politics, administration, economy, security and rule of law, and who can join hands with the Tatmadaw that will stand as the strongest institution as long as the country exists. The results of the phase 1 had already been released publicly and transparently. Experience gained all along the successive era indicates that the country still needs true politicians who will serve the national affairs in all seriousness.

**The development of high-quality human resources enriched with knowledge and technical expertise**

Regarding education, he noted that final examinations in basic education schools will be held soon. He urged officials and parents to work together to ensure that students can successfully sit for and pass these exams. As parents invest financially in their children's schooling and students devote significant time to their studies, parents should encourage their children to achieve academic success. Tatmadaw also conducts summer courses—such as manners and morals training, basic computer training, and other beneficial programs—to ensure that students from military families utilize their summer holidays effectively. Furthermore, students from military families who pass the matriculation examination

See Page - 22 ●●

# A message sent by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 78th Anniversary of Kachin State Day

## (10 January 2026)

**Esteemed national brethren and people in Kachin State,**

I extended heartfelt greetings with best wishes to all state residents and all Kachin ethnic people for the fulfilment of both mental and physical well-being, good health and prosperity, and the realization of all beneficial hopes and aspirations on the auspicious occasion of the 78th anniversary of Kachin State, which falls today, 10 January.

All ethnic nationalities born of the Union and residing in Myanmar have long lived in close bonds of kinship, mutual affection, and respect. For many centuries, they have existed in an independent and sovereign nation, governing themselves on their own land and waters, under their own authority and institutions. However, due to the armed oppression of foreign countries, independence was lost, and the country fell into colonial subjugation. Thereafter, all ethnic nationalities – without distinction between hills and plains, states and regions – stood united with a strong spirit of Union, and were able to regain the independence of the nation.

It was a fine historical evidence for the state and the country that patriotic heroes, including leaders and Kachin ethnic people from Kachin State, sacrificed life, blood and sweat for the sake of the nation and the national people in the independence struggle. As a gesture of honouring the formation of the Kachin State government at the first-ever meeting of the Kachin State Council Conference held on 10 January 1948, the day of 10 January was designated as the **Kachin State Day.** It has been held annually, and this year's occasion turns 78.

Kachin State is endowed with a variety of beautiful eco-systems in different parts of the state, which possess snow-capped mountains, namely Khakaborazi, Ganlanrazi, Phonkanrazi and Madwerazi in the northern part of the state, geologically significant situations in the Hukaung Plain, as well as being rich in precious natural resources.

The high and steep mountain ranges and the lush and green forests, along with the emergence of the stable and beautiful Ayeyawady River, which originates at the confluence of the Makha and Malikha rivers, are the diverse beauties of Kachin State. Kachin State is home to Kachin tribes such as Jingphaw, Lachid, Lawwaw, Lisu, Rawam, Zaiwah, etc. Moreover, some Shan ethnic groups and other ethnics including the Bamar ethnic, are living in the state together.

The Manaw festival held at the ceremony to mark the Kachin State Day showcases a fine tradition which portrays adoration of the national prestige and integrity, and preserving cultural customs and fine traditional heritage of ethnicities in Kachin State. The Manaw dance with collective efforts is a symbol which dedicates to peace and prosperity across the state as well as the Union and indicates the unity of people from the state. It is a meaningful, traditional cultural festival to ensure the further strengthening of peace and prosperity in the state.

Moreover, Kachin State is a major state endowed with valuable mineral wealth, natural resources, and abundant natural assets. Owing to its favourable water conditions, fertile land, and suitable climate, crops are being cultivated successfully and continue to develop and thrive. Likewise, the scenic beauty of the Ayeyawady River, which is a symbol of unity together with the state's lush greenery and rich natural vitality, also constitutes a distinctive characteristic of the state.

As Kachin State is a developed state with favourable water and land conditions, all ethnic brothers and sisters within the state must unite their spirit and strength and work together in harmony to ensure peace and stability in the state, to improve the socio-economic lives of state residents, and to expand employment opportunities.

**Esteemed national brethren,**

The government took the State responsibilities in accordance with the Constitution as part of preventing possible dangers triggered by voting fraud in the 2020 general elections. After that, the government has been focusing on serving the interests of the entire ethnic group. As such, all people, including Kachin ethnics, have to cooperate with the government in f irmly implementing the multi-party democratic path that the entire people aspire to.

It is necessary to resolve the political problems stably and politically. Everyone has to consider and review that attacks and impossible remands of each ethnic region with arms which do not benefit the country are terrorist activities against the democratic way, and these make troubles to themselves. I would like to note that now is the time for all to strive for ending the armed conflicts in relevant regions as well as ensuring tranquillity, stability, and durable peace.

Moreover, the number of ethnic Hluttaw representatives at the political platform must hold discussions under the law for the sake of strengthening the multi-party democratic system and the interests of the region and ethnics. So, I would like to urge the entire ethnic people to join hands with the government, Tatmadaw and public service personnel to build a Union based on democracy and a federal system in accord with the aspirations of the ethnic people.

Moreover, the country has to enjoy peace and stability and needs to be free from armed conflicts and terrorist acts for national development. Only when the country is peaceful and stable will it march forward with development initiatives. As such, I would like to urge that now is the time for armed groups and terrorist groups in the state to emphasize the efforts to cease fighting and violent acts as part of serving the interests of the state and residents.

At present, the National Defence and Security Council is striving for the implementation of education and healthcare for the people, with the enhancement of their economy, as well as building a multiparty democratic Union by adopting the objectives. The objectives **"To steadfastly strive for the emergence of political forces and the people's representatives who can implement a genuine, disciplined multi-party democratic system while constantly emphasizing on the national interests of the State" and "To implement multi-party democratic system, with the participation of the people, to ensure the success of multiparty democratic general election process and successfully moving towards with the multi-party democratic system aspired by the entire people"** are being implemented, and everyone knows that the multiparty democratic general election phase I was held successfully. Furthermore, the phases II and III will be held to transfer the State responsibilities being taken by the current government to the forthcoming government, which will emerge from the election. The foundation of democracy is the election. So, I would like to deeply urge all ethnic people to cooperate in successfully holding the election and building a multi-party democratic Union.

In Kachin State, the flow of illegal commodities, cross-border crimes and drug trafficking in border areas adjacent to other countries are activities against the law, tarnishing the image of the state and defaming its integrity. I would like to urge departmental officials, ethnic leaders and the entire people to combat these illegal activities as part of initiating the enforcement of the law.

**Esteemed Kachin ethnic people,**

Kachin State is blessed with favourable climatic conditions and geographical conditions, supporting the development of agriculture and livestock activities. Efforts must be exerted to boost agricultural products and produce value-added finished products based on agricultural produce through industrial technologies for the development of the state. It is necessary to produce value-added products based on the domestic raw materials to fulfil the needs of the region and sell them locally and internationally. As such, ethnic people residing in the state need to strive to initiate these businesses so as to improve the socio-economic life of the people.

The National Defence and Security Council is placing emphasis on the improvement of the education and healthcare sectors to ensure sustainable development of the nation. In the education sector, I would like to urge that the new generation youths must be nurtured to have not only school education and techniques but also critical thinking, which can be applied to make correct opinions and decisions, a patriotic spirit and the keenness to preserve the prestige and integrity of the nation.

The State is encouraging the improvement of health standards for the ethnic

See Page - 20

■■ From Page - 19

people and providing comprehensive healthcare services to them. Likewise, as technologies, machinery for production and skilled human resources will be required in order to manufacture quality products of micro, small and medium-sized enterprises based on agriculture and livestock activities, local ethnic people have to join the work processes in harmony.

In conclusion, I send this message in honour of the 78th Anniversary of Kachin State Day with my heartfelt wishes that all ethnic people in Kachin State live in unity in building a peaceful, prosperous, overall development of the country through thick and thin. May they emphasize the national interests in implementing the political, economic and national security and defence activities. May they strive for serving the interests of the state and ethnic people with diligence, perseverance and industrious efforts in all sectors to ensure peace and development undertakings through the united strength of the ethnic national people of the state. And may the Kachin State be peaceful and prosperous.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President, the Republic of the Union of Myanmar**
**Chairman, State Security and Peace Commission**

# All illegal buildings used in online fraud and gambling activities within KK Park area systematically demolished



Photo of KK Park, located in Myawady Township, Kayin State, before demolition by blasting.



Photo of KK Park, located in Myawady Township, Kayin State, after demolition by blasting.

NAY PYI TAW January 9


The Government of Myanmar is continuing coordinated operations involving multiple agencies to combat online fraud and gambling. These efforts include clearing illegal buildings in the Shwe Kokko area and the KK Park area—where online scam and gambling activities are most heavily based—destroying seized equipment used in such operations, and systematically demolishing the illegal structures involved. As part of these operations, it was reported that two more illegal buildings within the KK Park area were demolished today.

In the Myawady–Maehtawthalay (KK Park) Section (2), where a total of 62 illegal buildings had been identified, the final two remaining four-storey illegal buildings were demolished today. As a result, all illegal buildings used for online fraud and gambling activities within the KK Park area have been completely demolished. These include 148 illegal buildings in Section (1), 62 in Section (2), and 425 in Section (3), bringing the total to 635 buildings. All were demolished either by controlled blasting or through the use of heavy machinery, achieving 100 percent demolition.

In addition, to ensure complete destruction of illegal buildings already demolished using heavy machinery, further destruction using fire-based methods has been carried out since December 14. In KK Park Section (3), five additional two-storey illegal buildings were destroyed today, bringing the total number of buildings fully destroyed by these methods to 121. The remaining illegal buildings will continue to be destroyed using the same methods.

The government has stated that it regards the eradication of online fraud and gambling as a national responsibility and will continue its efforts to ensure that such activities cannot take root anywhere in Myanmar. These efforts will be carried out in coordination not only with domestic forces but also in cooperation with neighbouring governments. **100**

Before demolition | After demolition



Demolition by blasting in Section (1) of the KK Park area.

Before demolition | After demolition



Illegally constructed residential building in Section (2) of the KK Park area.

Before demolition | After demolition



Demolition of illegally constructed two-storey residential buildings using explosives in KK Park area, Section (3).

# Acting President of the Republic of the Union of Myanmar, SSPC Chairman Senior General Min Aung Hlaing discusses regional develoment activities with township-level departmental officials and town elders in Thabaung




Senior General Min Aung Hlaing meets township-level departmental officials and town elders in Thabaung.

NAY PYI TAW January 9

Acting President of the Republic of the Union of Myanmar and State Security and Peace Commssion Chairman Senior General Min Aung Hlaing this afternoon met township-level departmental officials and town elders in Thabaung of Ayeyawady Region to disucss regional develoment activities.

Also present at the meeting were Commission Secretary General Ye Win Oo, Union ministers, Chief Minister of Ayeyawady Region U Tin Maung Win, senior military officers from the Office of the Commander-in-Chief, the commander of South-West Command, deputy ministers, township-level departmental officials in Thabaung, town elders and residents.

First, the Chief Minister of Ayeyawady Region reported to the Senior General on the data about the township, agriculture and livestock activities, local food security, test-cultivation of Robesta coffee species, prouction of quality seeds, requirements of drum seeders, disbursement of loans from th State Economic Development Fund to farmers to have agricultural inputs, establishment of forests to green the environment, efforts to supply efficient electricity, development undertakings for MSME businesses, and promotion of education, health and sports sectors.

Town elders requested the Senior General to provide better transport facilities for Thabaung Township and construct a vehicle terminal in the town.

Union Ministers U Min Naung and Dr Charlie Than discussed opportunities for farmers to seek assistance from the Ministry of Agriculture, Livestock and Irrigation for promotion of agriculture and livestock sectors in the township, successful cultivation of Robesta coffee at the horticultural farms, distribution of quality strains of crops at fair prices, plans to disburse loans from the State Economic Development Fund to those wishing to expand livestock and fish production, needs to use farmlands under the prescribed laws and rules, and fulfillment of capitals, technoogy and inputs for development of MSME businesses.

In his speech, the Senior General said that Thabaung Township is a region focused on agricultural and livestock production. Rice is the main product for the township, with about 80 percent of the population living in rural areas and approximately 20 percent in urban areas. Therefore, there is a greater need to promote rural-based economic development. It is necessary to produce higher-value rice from locally cultivated crops. Cultivation of high-quality Pawsan rice varieties in suitable areas help increase the incomes of individual farmers, and the circulation of money within the region can improve. If oil crops can also be successfully cultivated in Thabaung Township, it is desirable to expand the planting of crops such as sesame, groundnut, sunflower, and soybeans. Such cultivation would improve local oil security and significantly contribute to national oil self-sufficiency.

To develop agricultural activities, it is necessary to ensure access to high-quality seeds, improve soil conditions for cultivation through proper land preparation, and add agricultural inputs. Sufficient irrigation should be provided through river water pumping facilities, and farming should be carried out systematically and efficiently. All four elements—seeds, soil, water, and proper techniques—must be fully addressed. In Thabaung Township, where bamboo is abundant, efforts should be made to develop a bamboo-based business by producing higher-value bamboo products.

Regarding livestock and aquaculture, it is necessary to carry out livestock breeding activities to ensure sufficient availability of meat, fish, and eggs in the region. To further develop agriculture and livestock farming, skilled professionals and knowledgeable human resources in these fields are required. As such, it is important to enhance the educational and technical skills of rural communities. Only when the region has abundant and well-trained human resources can local development and progress be significantly supported.

Looking at the historical events, conflicts, and disturbances that Myanmar has experienced, it becomes clear that a lack of knowledge and technical skills has been a fundamental factor. Using this understanding, internal conflicts have arisen due to both domestic and foreign instigations. Therefore, it is essential for all to improve the education sector to develop well-educated and skilled human resources within the country. In Thabaung Township, both town elders and local communities need to actively support the enhancement of education sector, as this will contribute significantly to the region's development.

Economy of the nation is based on agriculture and livestock activities, so industrial, agricultural, livestock basic education high schools are being opened in districts. For the development of the Thabaung region, local residents must also make efforts, while the government will continue to provide necessary support. Regarding health, individuals must maintain balanced and proper nutrition to ensure physical strength and well-being. From a young age, children should consume nutritious foods to support pro per growth and development. Adults should continue to eat a balanced and healthy diet to maintain physical fitness and good health.

To enable the country to continue moving forward on the path of democracy, the first phase of the election was held on 28 December 2025. The second and third phases will be conducted in the near future. When casting votes, it is important for citizens to choose candidates who can emphasize the interests of their region and the nation, uphold Our Three Main National Causes, and work in partnership with a stable Tatmadaw, and contribute to the well-being of the country. During the first phase of the election, international observation teams visited to monitor and study the process and provided positive evaluations. Citizens who wish to see the country continue on the democratic pathshould participate in the elections and cast their votes. Through this process, they should select capable, educated, and experienced candidates who can serve the interests of both the region and the nation.

The Senior General cordially greeted the departmental officials, town elders and residents who attended the meeting.

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects the Paper Mill (Thabaung)




Senior General Min Aung Hlaing inspects Paper Mill (Thabaung).



Senior General Min Aung Hlaing examines a factory machine.

NAY PYI TAW January 9

Chairman of the State Security and Peace Commission and Commander-in-Chief of Defence Services Senior General Min Aung Hlaing accompanied by entourage members, visited and inspected the Myanmar Economic Corporation's Paper Mill (Thabaung) this evening.

First, responsible officials briefed the Senior General in the factory's briefing hall. The briefing covered a summary of the factory's history, the implementation status of the instructions given by the Acting President and SSPC Chairman, factory-related data and staff appointments, comparative year-on-year financial data including revenue, expenditure, and profit/loss, the production and distribution of newsprint, the production process and ongoing output at the 60-ton newsprint paper mill, the advanced paper production process and trial production at the 50-ton advanced paper mill, the trial production of bamboo pulp at the 60-ton bamboo pulp mill, the production process and ongoing output at the 40-ton fuel pellet mill, and the status of ongoing efforts to implement future goals and responsibilities.

In response to the briefing, the Senior General noted that the nation annually imports various types of paper needed domestically. Therefore, successfully developing paper production industries can reduce these imports and save foreign currency expenditures. Cultivating trees and bamboo to meet the demand for industrial raw materials like wood and bamboo can also help environmental conservation and create job opportunities for local communities. He emphasized the importance of securing the basic requirement for paper production—pulp supply—and instructed continued efforts to produce high-quality paper, along with other necessary guidance.

Afterwards, the Senior General and his entourage inspected each factory individually. They observed the multi-stage process at the bamboo pulp production mill involving crushing bamboo raw materials, steam cooking, bleaching, and the stages of obtaining pulp. They also inspected the multi-stage advanced paper production process and the produced advanced paper at the 50-ton advanced paper mill, the multi-stage newsprint production process at the 60-ton newsprint paper mill, and the multi-stage fuel pellet production process at the energy fuel pellet mill. Then, he provided necessary guidance based on the reports from the responsible officials. **100**

---

●● From Page - 18

with honors are being sent on international study tours. Just as the State and Tatmadaw are prioritizing and promoting education, officers and other ranks must also encourage and support their children to achieve academic excellence.

He stated that an analysis of the nation's history reveals significant past weaknesses in the education system, and a better future for the State must be forged by prioritizing and promoting educational standards. Only through formal schooling can individuals acquire both technical skills and intellectual wisdom. While **technical skills produce "capable" individuals, wisdom produces "good" individuals; therefore, efforts must be directed toward developing high-quality human resources who are both capable and good.** Referring to the motto "National discipline begins at school," there is a visible difference in knowledge, expertise, and discipline based on an individual's level of formal education. Consequently, it is essential to ensure children receive a comprehensive and robust education from a young age.

Also, he stated that politics is linked to education, and national development can only be achieved when the country possesses a wealth of educated human resources. Therefore, efforts are being made to ensure mandatory education up to the KG+9 level to elevate the nation's education sector. Education is vital for the future of the State; therefore, the implementation of mandatory education up to the KG+9 level is a direct effort to elevate the nation's educational standards and must be carried out consistently. Similarly, agricultural, livestock, and industrial technical high schools are being opened to produce human resources skilled in these specific fields. He then stated that discussions are underway to introduce basic agriculture, livestock, and industrial subjects into the curriculum for students from Grade 7 to Grade 9 starting in the upcoming academic year. Furthermore, the government is proceeding through democratic means to ensure national stability and the rule of law. He stated that the government is working through democratic means to ensure national stability and the rule of law. He emphasized that only when stability and the rule of law are firmly established can the public enjoy employment opportunities and the country achieve development.

In **connection with politics, the country has reached boundary agreements with neighboring countries.** For the development of border and ethnic areas, stability and efforts for nurturing intellectuals are essential. Therefore, to ensure nurturing intellectuals in areas where education efforts are weak, the government has been supporting education activities to ensure nurturing intellectuals. To ensure ethnic rights, measures are being taken to raise the education standards and to carry out regional development tasks. Efforts must be made to ensure that ethnic peoples have right perspectives on ethnic and democratic rights. During the term of the upcoming government, such tasks to raise the education standards must be carried out. Measures are being taken to enable the country to take the democratic path stably.

Hainggyikyun is located at a remote area. Therefore, we are required to carry out manageable level agriculture and livestock breeding tasks owned by the Tatmadaw successfully. For the well-being of the personnel, the Tatmadaw has fulfilling their needs. It is necessary to refrain from drinking alcohol and seeking pleasure that can damage one' life as much as possible. As daily activities of the Tatmadaw are fine traditions of the Tatmadaw, it is necessary to instill such traditions in oneself and one's family.

Then, the Senior General asked about the needs of the officers, other ranks and families and attended to them.

Afterwards, the Senior General presented foodstuffs for the officers, other ranks and their families to the station commander.

Then, the Senior General and party inspected the Hainggyikyun town by car and arrived at the Historic Maha Maku Ranthi Sacred Hair Relic Myat Mawtin pagoda, where they were greeted by members of the pagoda board of trustees and responsible officials.

Afterward, the Senior General and party offered meals in emerald bowls, fruits, flowers and drinking water and paid obeisance to the pagoda by circling it clockwise. Then, the Senior General inspected the tasks for expansion of the precinct of the pagoda and maintenance tasks and gave instructions on the proper drainage of the precinct and religious edifices and magnificence of the pagoda, systematic weather-resistant tasks in construction works, and facilitation pilgrimage stay and other needs based on reports of officials.

Then, the Senior General presented cash donations for all-round renovation of the pagoda to members of the board of trustees, who gave Dhamma gifts to the Senior general. **100**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှု၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၉

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၊ အောင်ပန်းမြို့နှင့် ဟဲဟိုးမြို့တို့ရှိ မဲရုံများအားလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်ရှိ မဲရုံများအားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ဒုံးပုလဲအော်ကျေးရွာ၊ ပရည်ကျွန်းကျေးရွာ၊ ဒုံးညောင်မှိုင်းကျေးရွာနှင့် ဒုံးဆွေသန်းကျေးရွာတို့ရှိ မဲရုံများအားလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ မဲပေးနိုင်ရေးကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ရောက်ရှိမှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးတို့က မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်စဉ်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်များအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို အဆိုပါမြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ ပြုလုပ်ကြရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစဉ်။



ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မန္တလေးမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

ဆန္ဒပြုမဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်ရာ ရွေးကောက်ပွဲမှတစ်ဆင့် ပိုမိုအားကောင်းသော အနာဂတ်ကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားအားလုံးက အားတက်သရောပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိတာဝန်ရှိသူများကလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် နိုင်ငံသူ/နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိရေးအတွက် "ဒို့အတူ မဲပေးကြမည်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" ရွေးကောက်ပွဲ အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ပြည်သူများထံသို့ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်၌လည်းကောင်း၊ လမ်း ၈၀ နှင့် ၄၁ လမ်းထောင့်၌လည်းကောင်း၊ ၈၄ လမ်း၊ ၃၈ လမ်းနှင့် ၄၁ လမ်းကြားရှိ မန်းမြို့ဈေး၌လည်းကောင်း ဆောင်ရွက်ကြသည်။

ထိုသို့ ရွေးကောက်ပွဲ အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ပြည်သူများထံသို့ဖြန့်ဝေခြင်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအသင်းအဖွဲ့များပူးပေါင်း၍ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပဲခူးတိုင်းအနောက်ခြမ်း မြို့ပြသန့်ရှင်းသာယာလှပစေရေး၊ စားရေရိက္ခာဖူလုံပိုလျှံစေရေး ကွင်းဆင်းစစ်ဆေး


ပြည် ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းအနောက်ခြမ်း မြို့ပြသန့်ရှင်းသာယာလှပစေရေး၊ စားရေရိက္ခာဖူလုံပိုလျှံစေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ခေတ္တရာပန်းခြံ ဘက်စုံအဆင့်မြှင့်တင်နေမှုကိုလည်းကောင်း၊ ရောဝတီမြစ် River View အဆင့်မြှင့် Coffee Shop များ တည်ဆောက်ထားရှိမှုနှင့် ကမ်းနားလမ်းအဆင့်မြှင့်တင်နေမှုတို့ကိုလည်းကောင်း၊ ကမ်းနားလမ်းအား ဖြတ်သန်းစီးဆင်းနေသည့် ဘူးခါးချောင်း၌ ကြိုးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ကျွဲသတ်ကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)တို့အား စိုက်ဧက ၁၀၀ အတွက် ပျိုးခင်းစိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ သာယာဝတီမြို့ ဆရာစံခန်းမဘက်စုံအဆင့်မြှင့်တင်နေမှုကိုလည်းကောင်း၊ သုံးဆယ်မြို့ ဆန်စက်လုပ်ငန်းရှင် ဦးတင်စိုး၏ စွန့်ပစ်စပါးခွံသုံး Gasifier နှင့် Solar စနစ်ဖြင့် ဆန်စက်လည်နေမှု၊ စပါးအခြောက်ခံစက် တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ဥဿာတိုင်းသား



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

# ဒလမြို့နယ်နှင့်သပိတ်ကျင်းမြို့နယ်တို့ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မော်စက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ မော်စက်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၅၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်ဖျာကျေးရွာရှိဒေသခံပြည်သူ ၁၃၅ ဦးတို့ကို အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသက်သက်မာဝင်း၊ ပါမောက္ခ(ဌာနမှူး)၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**မင်္ဂလာပါတပည့်တို့ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သင်ရိုးသစ် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာဖြေဆိုနိုင်ကြဖို့ ရည်ရွယ်ပြီး ဇီဝဗေဒပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများနှင့် မေးခွန်းပုံစံဆိုင်ရာ သိကောင်းစရာများကို ပို့ချပေးသွားမှာဖြစ်ပါတယ်။ Grade 12 ဇီဝဗေဒပြဋ္ဌာန်းစာအုပ်မှာ အခန်း(၆)ခန်း ပါဝင်ပါတယ်။ အကြောင်းအရာများအားလုံးဟာ ဇီဝဗေဒဘာသာရပ်နှင့်ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ထူးချွန်အောင်မြင်စွာဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

ဇီဝဗေဒဘာသာရပ်ဟာ သက်ရှိများ၏အကြောင်းကို သက်ရှိများက လေ့လာခြင်းဖြစ်ပါတယ်၊ သက်ရှိ၏ အရေးအကြီးဆုံးအရာသည် အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။ သို့အတွက်ကြောင့် အသက်ရှိခြင်းရဲ့အစ၊ သက်ရှိများ၏ ဇီဝကမ္မဖြစ်စဉ်၊ သက်ရှိများ၏ ဆင့်ကဲပြောင်းလဲခြင်း၊ ရှင်သန်ဖို့အတွက် လိုက်လျောညီထွေဖြစ်မှု စတဲ့အကြောင်းအရာများကို နားလည်စေမည့်သင်ခန်းစာများကို ထည့်သွင်းဖော်ပြထားပါတယ်။

**Chapter 1 INTRODUCTION TO BIOLOGY** သင်ခန်းစာဟာ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားသော အဓိကအကြောင်းအရာ ငါးခု THEMES OF BIOLOGY (Themes 1–5)နှင့် ဆက်လက်ပြီး လူတို့၏ နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏ အရေးပါမှု၊ လူတို့၏အသက်ရှင် ရပ်တည်မှုတွင်အဓိကကျသော စားနပ်ရိက္ခာအရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ အသက်ရှင်သန်မှုအတွက် အစားအစာ (Food)၊ ကျန်းမာရေးနှင့် ဆေးဝါးအသုံးပြုခြင်း (Health and Medicine) ရှင်သန်နေထိုင်မှုအတွက် လိုအပ်သောအဝတ်အထည်နှင့် အမိုးအကာ (Clothing and Shelter)ပြုလုပ်ရာတွင် အသုံးပြုသည့်အပင်များ စသည့် အကြောင်းအရာများကို လေ့လာမှတ်သားကြရမှာဖြစ်ပါတယ်။

**Chapter 2 MOLECULAR BIOLOGY** မှာတော့ သက်ရှိဆဲလ်အားလုံးတွင် မရှိမဖြစ်ပါဝင်ပြီး သက်ရှိတိုင်း၏ မျိုးရိုးဆက်ခံသော လက္ခဏာများကို အဆုံးအဖြတ်ပေးသည့် DNA (Deoxyribonucleic acid) နှင့် ပရိုတင်းဖွဲ့စည်းတည်ဆောက်ခြင်း (Protein Synthesis) တွင် အဓိကအခန်းကဏ္ဍမှာ ပါဝင်သော RNA (Ribonucleic acid) မော်လီကျူးနှစ်ခုတို့၏ တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်းကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်းသဘောသဘာဝ (DNA replication)၊ မျိုးရိုးဗီဇကုဒ် (GENETIC CODE) ဆိုသည်မှာ နျူကလီယိုတိုက် ကိုဒွန် (Codon)နှင့် အမိုင်နိုအက်စစ်(Amino Acid )အကြား ဆက်နွယ်မှုကိုသတ်မှတ်ပေးသည့် ကုဒ်တစ်ခုဖြစ်ကြောင်း၊ သက်ရှိဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ် (PROTEIN SYNTHESIS)နှင့် ပါဝင်သောလုပ်ငန်းစဉ်များ၊ မော်လီကျူးမျိုးရိုးဗီဇဆိုင်ရာ သုတေသနမှ ပေါ်ထွက်လာသော နည်းပညာအချို့(SOME TECHNIQUES IN MOLECULAR BIOLOGY)တွင် သက်ရှိများ (အဏုဇီဝ၊ အပင်နှင့် တိရစ္ဆာန်)၏ မျိုးဗီဇများကို လိုသလိုပြုပြင်နိုင်စွမ်းရှိကြောင်း စိတ်ဝင်စားစွာ လေ့လာသိရှိကျက်မှတ်ကြရမှာဖြစ်ပါတယ်။

**Chapter 3 TRANSPORT SYSTEM IN ORGANISMS** တွင် TRANSPORT SYSTEM IN PLANTS အပင်များ၏ သယ်ယူပို့ဆောင်ရေးစနစ်ရှိ သယ်ယူပို့ဆောင်ရေးတစ်ရှူးများဖြစ်သော (xylem နှင့် phloem) တည်ဆောက်ပုံ၊ TRANSPORT MECHANISMS IN PLANTS အပင်များ၏ အစာ၊ ရေနှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရားများ၊ TRANSPIRATION ပင်ငွေ့ပြန်ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပြန်ခြင်းအပေါ် သက်ရောက်သည့် အချက်များ၊ Benefits of Transpiration ပင်ငွေ့ပြန်ခြင်း၏ အကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပြန်ခြင်း ဆွဲအားကို သရုပ်ဖော်ပြသခြင်း၊ TRANSLOCATION အပင်များအတွင်း အစာအာဟာရ၊ ရေနှင့် ပျော်ဝင်ပစ္စည်းများ ရွေ့လျားရွေ့ပြောင်းခြင်း ဖြစ်စဉ်အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS သတ္တဝါများ၏ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သော သွေးလည်ပတ်မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံဖြစ်ပြီး ဇီဝကမ္မဖြစ်စဉ်အတွက် လိုအပ်သောအရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့ အရည်စီးဆင်းမှုပုံစံယန္တရားအသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွှေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာဖြစ်ပါတယ်။ CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် Open circulatory system (အစွန်းဖွင့်သွေးကြော open-ended vessels များမှတစ်ဆင့် ပတ်ဝန်းကျင်တစ်ရှူးများနှင့်အင်္ဂါများကို သွေးတိုက်ရိုက်ရောက်ရှိသောစနစ်)နှင့် Closed circulatory system(နှလုံးမှ ညှစ်ထုတ်ပေးသည့်သွေးသည် (Blood vessels) သွေးလွှတ်ကြောများ၊ သွေးပြန်ကြောများနှင့် ဆံခြည်မျှင်သွေးကြောများ၏ စဉ်ဆက်မပြတ် သွေးကြောကွန်ရက်အတွင်း စီးဆင်းလှည့်ပတ်နေသော သွေးလည်ပတ်မှုစနစ်)ဟူ၍ အဓိကအမျိုးအစားနှစ်မျိုးရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။ CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှတစ်ဆင့် သွေးများရွေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့်နှလုံး၏ဖွဲ့စည်းတည်ဆောက်ပုံ (The Structure of the Heart)၊ The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံခြည်မျှင်သွေးကြောများ၊ The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့်နေရာမှာ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအားထိန်းချုပ်ခြင်းအကြောင်းအရာများနဲ့ LYMPHATIC SYSTEM မှာတော့ တစ်ရှူးများမှပြန်ရည် (Lymph)များသည်သွေးထဲသို့ပြန်ရည်ကြောမျှင် (Lymphatic capillaries)များမှတစ်ဆင့် စီးဆင်းသည့် တစ်ရှူးရည်၏အခန်းကဏ္ဍများကို လေ့လာမှတ်သားကြရမှာဖြစ်ပါတယ်။

**Chapter 4 DISEASES IN PLANTS AND ANIMALS** တွင် PLANT DISEASES အပင်ရောဂါများကို အများအားဖြင့် ပုံမှန်မဟုတ်သောကြီးထွားမှု (abnormal growth) နှင့် သို့မဟုတ် အပင်၏ ကမောက်ကမဖြစ်မှု (dysfunction)အဖြစ် သတ်မှတ်ပါတယ်။ Biotic diseases သက်ရှိများ (ဥပမာ– မှို ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ)ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများနှင့် Abiotic diseases သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ–မြေဆီလွှာကျစ်ခြင်း၊ လေ၊ နှင်းခဲ၊ မြေဆီလွှာဆားပေါက်ပျက်စီးခြင်း၊ အမြစ်ထွက်မှုပုံမမှန်ခြင်း)ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများကို သိရှိကြရပါမယ်။ Disease Causing Factors ရောဂါဖြစ်စေသော အကြောင်းရင်းများ၊ အပင်ရောဂါများ၏ Signs and Symptoms ရောဂါလက္ခဏာများ၊ Types of Pathogens အပင်ရောဂါပိုးအမျိုးအစားများနှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက်သင်ကြားကြရမှာဖြစ်ပါတယ်။ ANIMAL DISEASES ဆိုသည်မှာ ခန္ဓာကိုယ် (သို့မဟုတ်) စိတ်၏နာမကျန်းမှုကိုဖြစ်စေသော ရောဂါများကိုဆိုလိုပါတယ်။ ANIMAL DISEASE များကို မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non-infectious Diseases နှင့် ကူးစက်နိုင်သောရောဂါအမျိုးအစားများ Infectious Diseases ဟုခွဲခြားနိုင်ပါတယ်။ မကူးစက်နိုင်သောရောဂါအမျိုးအစားများ Non-infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases တွင် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဇီဝစက်ဝန်း Life cycle of Plasmodium၊ ငှက်ဖျားရောဂါကုသခြင်း၊ ကာကွယ်ခြင်း၊ ကမ္ဘာတစ်ဝန်းငှက်ဖျားရောဂါထိန်းချုပ်မှုအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

**Chapter 5 COORDINATION AND RESPONSE** သည် အပင်နှင့် တိရစ္ဆာန်များ၏ ပေါင်းစပ်ညှိနှိုင်းမှု၊ တုံ့ပြန်မှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှု၊ အပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာဖြစ်တယ်။ PLANT GROWTH AND DEVELOPMENT တွင် Plant Growth Regulators များဖြစ်သော အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အဓိက အပင်ဟော်မုန်းအမျိုးအစားငါးမျိုးဖြစ်တဲ့ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ကို သိရှိရမှာဖြစ်ပြီး ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုအပေါ် တိကျသော အကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုပ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်းအမျိုးအစား သုံးမျိုး၊ Photoperiodism ပန်းပွင့်စေရန် အပင်မှလိုအပ်သော အလင်းနှင့် အမှောင်ကာလ၊ အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစားသုံးမျိုးခွဲခြားခြင်း၊ Photomorphogenesis အပင်များ အလင်းရောင်ကို တုံ့ပြန်ပြီး ကြီးထွားသည့်ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားစွာ လေ့လာကြရမှာဖြစ်ပါတယ်။ COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များ၏ ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်၏လှုံ့ဆော်မှုများကို ညှိနှိုင်းတုံ့ပြန်နိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေရမှာဖြစ်တယ်။ Human Nervous System တွင် လူ့အာရုံကြောစနစ်တည်ဆောက်ပုံ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏လုပ်ငန်းများ၊ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ၊ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကိုသိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် အဆင့်မြင့်ဖွံ့ဖြိုးစွာပါရှိနေသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands and Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏တည်နေရာနှင့် ဟော်မုန်းများ၏ အခန်းကဏ္ဍ၊ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိအာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယားစသည့် ခေါင်းစဉ်များကို သေချာစွာ လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

**Chapter 6 BIODIVERSITY AND CONSERVATION** သင်ခန်းစာမှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်၍ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့်အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာမှတ်သားကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ဂေဟစနစ်တစ်ခုအတွင်းရှိ သက်ရှိပုံစံများ၏ ကွဲပြားမှုအတိုင်းအတာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာရှင်သန်ကြီးထွားပေါက်ဖွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ်နှစ်ခုလုံးတွင် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံတို့၏ မတူကွဲပြားသောအဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစား Forest Diversity များနှင့် Endangered Species မျိုးသုဉ်းလုနီးပါး ဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲများအား မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော အကြောင်းတရားများဖြစ်တဲ့ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊ Invasive Alien Species (IAS) ဒေသရင်းမဟုတ်သော မျိုးစိတ်များ ဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း(ဥပမာ–မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့အလွန်အကျွံထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေတိုးမြင့်ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပဋိပက္ခများဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း စတဲ့အကြောင်းအရာများကြောင့် ကမ္ဘာမြေ၏ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး CONSERVATION အတွက် အမျိုးမျိုးသောအစီအမံများနှင့် In situ နှင့် ex situ ကဲ့သို့သော ကာကွယ်ထိန်းသိမ်းရေးနည်းလမ်းများအကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့်

**စာမျက်နှာ ၂၆ သို့** ■

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံအားလုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့်ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့်













တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၂) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၆၂ လုံးရှိရာ ယနေ့တွင် နောက်ဆုံးကျန်ရှိသည့် တရားမဝင်၄ ထပ်အဆောက်အအုံ ၂လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သည်။ သို့ဖြစ်၍ KK Park နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အပိုင်း(၁)နယ်မြေမှ တရားမဝင်အဆောက်အအုံ ၁၄၈ လုံး၊







အပိုင်း(၂)နယ်မြေမှ တရားမဝင်အဆောက်အအုံ ၆၂ လုံးနှင့် အပိုင်း(၃)နယ်မြေမှ တရားမဝင်အဆောက်အအုံ ၄၂၅ လုံး၊ စုစုပေါင်း ၆၃၅ လုံးတို့ကို ဖောက်ခွဲဖျက်ဆီး၍သော်လည်းကောင်း၊ ယာဉ်ယန္တရားများအသုံးပြု၍သော်လည်းကောင်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ KK Park အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယနေ့တွင် ၂ ထပ်အဆောက်အအုံ ၅ လုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းတရားမဝင်အဆောက်အအုံ ၁၂၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံဖျက်ဆီးရန်ကျန်ရှိနေသည့် အဆောက်အအုံများကိုလည်း လေအိုးမီးအိုးများဖြင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


(၁၀၀)

## အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၉

**အားကောင်းသောမုန်တိုင်းငယ် အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် (Deep Depression)သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏ အနောက်တောင်ဘက် ရေမိုင် ၈၄၀ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့(Trincomalee)၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၃၀ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့(Puducherry)၏ အရှေ့တောင်ဘက် ရေမိုင် ၃၆၀ မိုင်ခန့်အကွာ




ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၇ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၂ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၁၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်၁၈ နာရီအတွင်း သီရိလင်္ကာနိုင်ငံမြောက်ပိုင်းကမ်းခြေကို ထရီကိုမာလီမြို့(Trincomalee) နှင့် ဂျက်ဖ်နာမြို့(Jaffna)တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE




ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

# SIGMA

CABLE & WIRE

COPPER 99.99%



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



# ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ




➤ပါရမီ(YBS) 09-459448201
➤ရွှေမန်းသူ 09-254781060
➤မန္တလေးအခြေစိုက် 09-426500153
➤တော်ဝင် 09-423333250




➤ ပါရမီတက္ကစီ 01-3643641
➤ကုန်စည် 09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Services

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- MIR Card POS Services / MIR Card Cashout (MMK) Via POS
- Mobile Banking and Internet Banking Services
- Foreign Banking Services with Russian Banks

UnionPay MPU

Phone: (01) 2301367, 2301368
(01) 2301452, 2301378

# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.11.Med&Med Supplies(5th)(2025–2026) |
| တင်ဒါစတင်သည့်ရက် | - | ၉-၁-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် | - | ၂၂-၁-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

---

## VIETTEL GLOBAL CORPORATION COMPANY LIMITED (MYANMAR BRANCH)
## Notice Of Appointment of Liquidator of the Company (Oversea Corporation Branch Office Ceasing to Carry on Business in Union)

At the Extraordinary General Meetion of Directors and Shareholders of the company held on (9.Jan.2026)the special resolution that oversea corporation branch office was ceasing to carry on business in union(Myanmar)and U THEIN HLAING TUN(Advocate)(MAIP No.00232)was appointed as a liquidator was passed on Extraordinary General Meeting Resolution.

All of the creditor (if any)of the company are requiring to contact the liquidator before (9.Feb,2026)with detailed particulars of their claim attached with complete supporting documents.

The company shall not take any responsibility for or settle debts that are claimed and submitted after such date.

**U THEIN HLAING TUN (Advocate)(MAIP No.00232)**
**Liquidator (PAI Consultant Service)**
**Liquidator Office: No. 6/8, Room 104, Upper Pazuntaung Road, Pazuntaung Township, Yangon, Myanmar. PAI Consultant Service(Phone: 09422217514, 09-774788846)**

---

## ကန့်ကွက်နိုင်ကြောင်း

ပဲခူးမြို့၊ ဥသ္သာမြို့သစ်(၂)ရပ်ကွက်နေ ဒေါ်ခင်မိမိဟန်(ဘ)ဦးစိန်ကြိုင် ပိုင်ဆိုင်သည့် AYY/32813 HONDA CLIVK အမျိုးအစားဆိုင်ကယ်၏ ယာဉ်မှတ်ပုံတင်(အုံနာဘုတ်) စာအုပ်ပျောက်ဆုံးသွားသဖြင့် မိတ္တူပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်မိမိဟန်**
**အမှတ်(၃၅၁)၊ မြသန္တာလမ်း၊ ဥသ္သာမြို့သစ်(၂)ရပ်ကွက်၊ ပဲခူးမြို့။**

---

## အစုရှယ်ယာလွှဲပြောင်းချကြောင်း ကြေညာခြင်း

Myanmar Ki Do Go Company Limited ဒါရိုက်တာအဖွဲ့၏ ၉-၁-၂၀၂၆ နေ့တွင် ကျင်းပပြုလုပ်သောအထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက်(၅၀၀၀) တန်ဖိုးကျပ်သိန်း(၅၀၀)မှ အစုရှယ်ယာအရေအတွက်(၁၀၀၀) တန်ဖိုးကျပ်သိန်း(၁၀၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Myanmar Ki Do Go Company Limited**

---

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက်
ပညာလဲပေး ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့
မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းဇေယာန်၊ ကာတွန်းသြဇာသနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
ကဗျာဆရာ နတ်မောက်ကြည်မြိုင်၊ ရဲမြင့်နောင်၊ ငွေးကြည်(စလင်း)၊ ချစ်စုအောင်၊ မောင်မောင်မျိုးညွန့်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၆- ၁-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၁)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၈၀၅၃၈
ဖြန့်ချိရေး ဖုန်း - ၀၉၇၂၆၉၈၇၂၄
♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၃၂/မမ/CE | တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ချိန်းအမှတ်(0+000)နှင့်(2+600)ကြား၌ RC Box Culvert တံတား(၃)စင်းတည်ဆောက်ခြင်း(နှစ်ဆက်လုပ်ငန်း) |
| ၂ | ၃၃၃/မမ/CE | တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ချိန်းအမှတ်(2+800)နှင့်(3+600)ကြား၌ RC Box Culvert တံတား(၄)စင်းတည်ဆောက်ခြင်း(နှစ်ဆက်လုပ်ငန်း) |
| ၃ | ၃၃၄/မမ/CE | တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ချိန်းအမှတ်(4+000)နှင့်(5+130)ကြား၌ RC Box Culvert တံတား(၄)စင်းတည်ဆောက်ခြင်း(နှစ်ဆက်လုပ်ငန်း) |
| ၄ | ၃၃၅/မမ/CE | တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ချိန်းအမှတ်(5+160)နှင့်(6+900)ကြား၌ RC Box Culvert တံတား(၅)စင်းတည်ဆောက်ခြင်း(နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၃-၁-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၀-၁-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

---

## ပျောက်ဆုံးကြောင်း

မမေသူနွယ်(ဘ)ဦးသန်းမြင့် ၅/ရဘန(နိုင်)၂၈၄၈၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၇၈၁၂၄၄

## ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နေ အေးမြတ်သူ(ဘ) ဦးမြင့်သန်း ၁၄/သပန(နိုင်)၁၉၀၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၆၃၉၅၃၅

## ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ မမီကိုစံ(ဘ)ဦးစံမောင် ၁/မကန(နိုင်)၂၂၀၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၇၅၆၈၅၀၃

---

# စာပေမြင့်မှ
# လူမျိုးတင့်မည်

## ပျောက်ဆုံးကြောင်း

သန်းဆွေဝင်း(ဘ)ဦးစန်းဝင်း ၅/ယမပ(နိုင်)၁၀၂၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ရဲထွဋ်ဇော်(ဘ)ဦးကျော်ခင် ၁၂/ဥကမ(နိုင်)၁၅၈၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ရာဂျေ့စ်ကူမာ(ဘ)ဦးနံသာလာ ၇/ကတခ(ပြု)၀၁၈၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၈၃၁၀၁၂၂

## အမည်ပြောင်း

ပဲခူးမြို့၊ အ.ထ.က(၅)ကျောင်း၊ Grade-8(A) တွင် ပညာသင်ကြားနေသော အဘ ဦးရဲမြင့်ထွေး၏သမီး မသော်ထက်ထက်ဇင်အား မခင်မဒီစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်မဒီစံ**

## ပျောက်ဆုံးကြောင်း

ခင်မောင်ဝင်း(ဘ)ဦးကျော်ရှင် ၅/ရဘန(နိုင်)၁၀၀၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၆၉၈၀၀၄

## အမည်ပြောင်း

ပဲခူးမြို့၊ လသာအေးကျေးရွာ၊ အ.မ.က (မူလွန်)ကျောင်း၊ Grade-7 မှ အဘ ဦးထွန်းထွန်းဦး၏သား မောင်အာကာကျော်အား မောင်အောင်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ဟိန်း**

## ပျောက်ဆုံးကြောင်း

ထက်ယုမွန်(ဘ)ဦးတင်လှ ၁၂/သကတ(နိုင်)၁၆၉၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၈၅၆၆၈၈၆

## ပျောက်ဆုံးကြောင်း

နန်းစံမေ(ဘ)ဦးအိုက်ကွမ်း ၁၃/မဆတ(နိုင်)၀၀၁၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၀၆၇၁၂၂

## ပျောက်ဆုံးကြောင်း

ဇေယျာမိုး(ဘ)ဦးလှရီ ၅/စကန(နိုင်)၁၄၉၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(913713)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၉၇၃၈၅

## ပျောက်ဆုံးကြောင်း

ထက်ဝတ်ရည်စိုး(ဘ)ဦးစိုးမင်း ၁၄/မမက(နိုင်)၁၉၁၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ကျော်မျိုးထွန်း(ဘ)ဦးအောင်ထွန်း ၁/မညန(နိုင်)၁၀၈၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၁၄၅၆၇၈

## ပျောက်ဆုံးကြောင်း

ကျော်စွာထက်(ဘ)ဦးကျော်စိုး ၇/ညလပ(နိုင်)၁၃၇၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၅၃၈၅၆၅၆

## ပျောက်ဆုံးကြောင်း

အောင်နိုင်(ဘ)ဦးတင်မောင် ၁၂/ဒပန(နိုင်)၀၃၆၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၄၉၅၂၈

## ပျောက်ဆုံးကြောင်း

ဖြိုးဇင်ထွန်း(ဘ)ဦးတင်စိုး ၇/ရတန(နိုင်)၁၄၉၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၁၇၁၈၄၂၄

## ပျောက်ဆုံးကြောင်း

အေးမြတ်မွန်(ဘ)ဦးဝင်း ၁၄/မအန(နိုင်)၂၅၉၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၃၅၅၇၉၄၆

## ပျောက်ဆုံးကြောင်း

လဖိုင်ရွှယ်(ဘ)ဦးဂျူဟိုက် ၁/ဗမန(နိုင်)၀၃၂၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၄၀၁၇၀၂

## ပျောက်ဆုံးကြောင်း

ကေသီအောင်(ဘ)ဦးအောင်မြင့် ၁၂/လမန(နိုင်)၁၃၂၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၄၅၅၄၂၄

## ပျောက်ဆုံးကြောင်း

ထွန်းထွန်းဦး(ဘ)ဦးခင်ဝင်း ၁၃/လရန(နိုင်)၂၂၀၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၀၅၅၆၉၄၃

## ပျောက်ဆုံးကြောင်း

ပိုးနှင်းအိမ်(ဘ)ဦးမိုးကျော်သူ ၁၂/ရကန(နိုင်)၀၈၄၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၅၆၁၄၃၉

## ပျောက်ဆုံးကြောင်း

လာလ်ကျီသ်(ဘ)ရမ်းဘလီ ၇/ဖမန(နိုင်)၂၇၃၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 679708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၇၀၀၄၄၇

## ပျောက်ဆုံးကြောင်း

မြတ်စုမွန်ထိုက်(ဘ)ဦးနေမင်းထိုက် ၁၂/ဒဂတ(နိုင်)၁၁၂၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

မြတ်မင်းဟိန်း(ဘ)ဦးဘိုတာ ၈/ရစက(နိုင်)၁၉၅၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ဇင်မင်းကိုကို(ဘ)ဦးခင်မောင်ဇင် ၇/ကကန(နိုင်)၀၇၄၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၂၇၉၉၃၄

## ပျောက်ဆုံးကြောင်း

ရှောက်ရွှယ်(ဘ)ဟော်လောက်ဖျင် ၁၃/ကလတ(နိုင်)၀၅၃၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 520682)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

မေမြမြမျိုး(ဘ)ဦးအောင်မျိုး ၁၂/ဒဂဆ(နိုင်)၀၁၀၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ကိုင်ပါ(ဘ)ဦးဝေ့ါဘာနော်၁/မကန(နိုင်) ၂၄၂၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

---

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဆည်းပေးလျက်ရှိသော
တေဇ ရုပ်စုံ

♦ မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
♦ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
♦ ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
♦ ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
♦ ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။
ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၃၂၄ (ဖြန့်ချိရေး)
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

---

# အားကစားမြှင့်တင် စိတ်လန်းရွှင်
# ဆန့်ကျင်မူးယစ်ဆေး

# တောင်အာဖရိက ရေပြင်တွင် ရုရှား၊ တရုတ်နှင့် အီရန် စစ်သင်္ဘောများ ပူးပေါင်းစစ်ရေးလေ့ကျင့်

ဆိုင်မွန်တောင်း၊ စစ်ရေး

ရုရှားစစ်သင်္ဘောတစ်စင်းသည် ဇန်နဝါရီလ ၉ ရက်တွင် တရုတ်နိုင်ငံနှင့် အီရန်နိုင်ငံတို့မှ စစ်သင်္ဘောများနှင့်အတူ တောင်အာဖရိကရေပြင်တွင် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုလုပ်ဆောင်ကြောင်းသိရသည်။

"Will for Peace 2026" ဟု အမည်ပေးထားသည့်စစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံကဦးဆောင်ကာ BRICS အဖွဲ့ဝင် ၁၁ နိုင်ငံမှရေတပ်များပါဝင်သည်။ အထူးသဖြင့် ဗင်နီဇွဲလားသမ္မတကို အမေရိကန်အစိုးရကဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် နိုင်ငံတကာတွင် တင်းမာမှုများမြင့်တက်နေစဉ် ယခုစစ်ရေးလေ့ကျင့်ခန်းကို လုပ်ဆောင်ခြင်းဖြစ်သည်။

ယခုပြုလုပ်သည့်စစ်ရေးလေ့ကျင့်မှုမှာ နိုင်ငံစုံရေတပ်များအကြား အတွေ့အကြုံများဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်မြှင့်တင်ရန်ဖြစ်ပြီး ဒေသတွင်း ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများ ဘေးကင်းလုံခြုံစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု တောင်အာဖရိကနိုင်ငံက ထုတ်ပြန်ထားသည်။ Ref: AGC

# အမေရိကန်က ဗင်နီဇွဲလားအပေါ် ထပ်မံတိုက်ခိုက်မည့် အစီအစဉ်ကို ထရမ့်ဖျက်သိမ်း၊ စွမ်းအင်ကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်



ဝါရှင်တန်၊ စစ်ရေး

အမေရိကန်က ဗင်နီဇွဲလားနိုင်ငံအပေါ် ထပ်မံလုပ်ဆောင်ရန်စီစဉ်ထားသည့် ဒုတိယအကျော့တိုက်ခိုက်မှုများကို ဖျက်သိမ်းလိုက်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာသည်။ လက်ရှိတွင် အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် ဗင်နီဇွဲလား၏ စွမ်းအင်အခြေခံအဆောက်အဦများကို ပြန်လည်တည်ဆောက်ရေး အပါအဝင် ကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

ထရမ့်က ၎င်း၏ Truth Social လူမှုကွန်ရက်၌ “ဒုတိယအကျော့ တိုက်ခိုက်မှုတွေကို ဖျက်သိမ်းလိုက်ပါပြီ။ ဒါဟာ မလိုအပ်ဘူးလို့ထင်ရပေမယ့် လုံခြုံရေးအရ သင်္ဘောတွေအားလုံးကိုတော့ မူလနေရာတွေမှာပဲ ဆက်လက်ထားရှိမှာပါ” ဟု ဇန်နဝါရီလ ၉ ရက်တွင်ရေးသားထားသည်။

အလားတူ အမေရိကန်မှရေနံကုမ္ပဏီကြီးများသည် ဗင်နီဇွဲလားတွင် အနည်းဆုံး ဒေါ်လာဘီလီယံ ၁၀၀ ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းနှင့် အိမ်ဖြူတော်၌ ရေနံလုပ်ငန်းရှင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုနှင့် ဇနီးတို့ကို အမေရိကန်အထူးတပ်ဖွဲ့ကဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ထရမ့်က ဗင်နီဇွဲလား၏ ရေနံအရင်းအမြစ်များကို အပြည့်အဝစီမံခွင့်ပေးရန် တောင်းဆိုခဲ့ပြီး အာဏာလွှဲပြောင်းမှု အောင်မြင်စွာ မပြီးမချင်း အမေရိကန်က ထိုနိုင်ငံကို ဦးစီးသွားမည်ဟုပြောရာ ရုရှားနှင့် BRICS နိုင်ငံများ အပါအဝင် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများက အမေရိကန်ကိုအပြင်းအထန် ကန့်ကွက်ခဲ့ကြောင်းသိရသည်။ Ref: RT

# အီရန်နိုင်ငံအတွင်း မငြိမ်မသက်မှုများ နောက်ကွယ်တွင် အမေရိကန်နှင့် အစ္စရေးရှိနေဟုဆို

တီဟီရန်၊ နိုင်ငံရေး

အီရန်နိုင်ငံအတွင်းဖြစ်ပွားနေသော ဆူပူမှုများနှင့် မငြိမ်သက်မှုများ၏နောက်တွင် အမေရိကန်နှင့် အစ္စရေးတို့ရှိနေကြောင်းအီရန်နိုင်ငံအမျိုးသားလုံခြုံရေးကောင်စီက ထုတ်ပြန်ထားသည်။

အီရန်နိုင်ငံရှိ ဆန္ဒပြမှုများသည် ငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် မြို့ကြီးများ၌ဆန္ဒပြပွဲများသည် ရဲတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံမှုများ၊ ဆူပူအုံကြွမှုများအဖြစ်သို့ အရှိန်မြင့်တက်လာခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား ထိခိုက်သေဆုံးမှုများ ရှိလာသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မကြာသေးမီက ပြောဆိုမှုများသည် အီရန်ပြည်သူတို့၏ လူနေမှုဘဝလုံခြုံရေးကိုထိခိုက်စေရန် အစ္စရေးအစိုးရနှင့် ပူးပေါင်းကြံစည်မှုကို ဖော်ပြနေခြင်းဖြစ်သည်ဟု အီရန်နိုင်ငံပိုင်သတင်းဌာနတစ်ခုကလည်းဖော်ပြထားသည်။ Ref: Sputnik

# G7 အဖွဲ့သည် BRICS အဖွဲ့ကို ဆန့်ကျင်သည့် အုပ်စုမဖြစ်သင့်ကြောင်း မက်ခရွန်ပြော

ပဲရစ်၊ နိုင်ငံရေး

G7 အဖွဲ့သည် BRICS အဖွဲ့ကို ဆန့်ကျင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် မရပ်တည်သင့်ကြောင်း ပြင်သစ်နိုင်ငံသမ္မတ အမ်မန်နျူယယ် မက်ခရွန်ကပြောသည်။ ပြင်သစ်နိုင်ငံ၏ ဦးစားပေးနိုင်ငံခြားရေးမူဝါဒများကို သံတမန်များအား ရှင်းလင်းရာတွင် G7 သည် တရုတ် သို့မဟုတ် BRICS အဖွဲ့ကို ဆန့်ကျင်သည့်အဖွဲ့တစ်ခုမဖြစ်သင့်သလို BRICS အဖွဲ့ကိုလည်း G7 ဆန့်ကျင်ရေးအဖွဲ့အစည်းဖြစ်မလာစေရန် တားဆီးရမည်ဟု မက်ခရွန်က ဆိုသည်။

မက်ခရွန်၏ပြောဆိုမှုသည် BRICS အဖွဲ့ကိုမနှစ်မြို့ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောထားသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ သဘောထားနှင့် ကွဲပြားနေသည်။ ထရမ့်သည် BRICS အဖွဲ့နှင့် ပူးပေါင်းသည့် နိုင်ငံများကို သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံမည်ဟုခြိမ်းခြောက်ထားကြောင်းသိရသည်။ Ref: RT

# ရုရှားက လက်တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းကို Oreshnik ဒုံးကျည်ဖြင့်တိုက်ခိုက်



မော်စကို၊ စစ်ရေး

ရုရှားက နောက်ဆုံးပေါ် အသံထက်မြန် Oreshnik ပဲ့ထိန်းဒုံးကျည်ကို အသုံးပြု၍ ယူကရိန်းနိုင်ငံရှိ ဒရုန်းထုတ်လုပ်ရေးစက်ရုံများ၊ စွမ်းအင်အခြေခံအဆောက်အဦများနှင့် စစ်ဘက်ဆိုင်ရာနေရာများကို တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၉ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါညလုံးပေါက် ဗုံးကြဲတိုက်ခိုက်မှုသည် နော့ဗဂိုရော့ဒေသရှိ သမ္မတ ဗလာဒီမာပူတင်၏ နေအိမ်ကို ယူကရိန်းဘက်က အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းမှုအပေါ် လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ယခုတိုက်ခိုက်မှုသည်နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သော Oreshnik ဒုံးကျည်ကို ဒုတိယအကြိမ်မြောက် အသုံးပြုခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ယူကရိန်းသည် သမ္မတ၏ နေအိမ်ဝင်းအတွင်းသို့ အဝေးထိန်းဒရုန်း ၉၁ စင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း ရုရှားလေကြောင်းကာကွယ်ရေးက အားလုံးကို ပစ်ချနိုင်ခဲ့သည်။ ယခုတိုက်ခိုက်မှုတွင် ရုရှားက Oreshnik အပြင် မြေပြင်နှင့်ရေပြင်အခြေပြုတိကျသေချာသော အဝေးပစ်လက်နက်များနှင့် ဒရုန်းများကိုပါအသုံးပြုခဲ့ပြီး ရည်မှန်းချက်များ အောင်မြင်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ Ref: RT

# ဂိုရတ်တီမုန်တိုင်းဒဏ်ကြောင့် ဗြိတိန်နိုင်ငံတစ်ဝန်း လျှပ်စစ်မီးနှင့်ဆက်သွယ်ရေးများပြတ်တောက်

လန်ဒန်၊ ရာသီဥတု

ဂိုရတ်တီမုန်တိုင်းသည် ဗြိတိန်နိုင်ငံတစ်ဝန်းသို့ အပြင်းအထန် ရိုက်ခတ်လျက်ရှိရာ ဇန်နဝါရီလ ၉ ရက်အထိ လူနေအိမ်ခြေ ၅၇၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်နေသည့်အပြင်လမ်းပန်းဆက်သွယ်ရေးလည်း ပြတ်တောက်နေကြောင်းသိရသည်။

အင်္ဂလန်နိုင်ငံအနောက်တောင်ပိုင်းနှင့် မစ်လန်းဒေသတို့၌ အဆိုးရွားဆုံးထိခိုက်ပြီး ကွန်ဝေါဒေသ၌ အိမ်ခြေ ၄၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်နေခြင်းဖြစ်သည်။ ထို့အတူလေကြောင်းခရီးစဉ်များအနက် British Airways က ခရီးစဉ်ပေါင်း ၅၀ ကျော်ကို ဖျက်သိမ်းခဲ့ရသလို ရထားလမ်းပိုင်းများစွာကိုလည်း ယာယီပိတ်ထားရသည်။ အထူးသဖြင့် West Midlands Railway က ရထားပြေးဆွဲမှုအားလုံးကို ရပ်ဆိုင်းထားပြီး အဓိကအဝေးပြေးလမ်းမကြီးများတွင်လည်း နှင်းကြောင့်ဖြစ်ပွားသော ယာဉ်မတော်တဆမှုများကြောင့် လမ်းပိတ်ဆို့မှုများကို ကြုံတွေ့နေရသည်။

အလားတူ စကော့တလန်ရှိ ကျောင်းအများအပြားကိုလည်း ရာသီဥတုကြောင့် ပိတ်ထားခဲ့ရသည်။ မိုးလေဝသဌာနသည် လာမည့် ဇန်နဝါရီလ ၁၁ ရက်အတွက် နှင်းနှင့်ရေခဲမှုဆိုင်ရာ အဝါရောင်အဆင့် သတိပေးချက်ကို ထုတ်ပြန်ထားပြီး ပြည်သူများအနေဖြင့် ခရီးသွားလာမှု ကြန့်ကြာနိုင်ခြင်းနှင့် လမ်းချော်သည့်အန္တရာယ်များကို ဂရုပြုရန် သတိပေးထားသည်။ Ref: AGC



# ၂၀၂၆ ခုနှစ် ကမ္ဘာ့နိုင်ငံရေးစနစ်အသစ်ကို ပုံဖော်မယ့် ပထဝီနိုင်ငံရေး အက်ကြောင်းကြီးများ




၂၀၂၆ ခုနှစ် ကုန်ဆုံးလွန်မြောက်သွားတဲ့ အချိန်မှာကျွန်တော်တို့အားလုံးဟာ အဖြေတစ်ခုကို ရှင်းရှင်းလင်းလင်း သိရပါလိမ့်မယ်။ အဲဒါကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အမြဲတမ်း ကြွေးကြော်နေတဲ့ "အမေရိကန်ရဲ့ ဩဇာလွှမ်းမိုးမှုပုံစံအသစ်" ဆိုတာ တကယ်ပဲလက်တွေ့မှာ အလုပ်ဖြစ်ရဲ့လား ဒါမှမဟုတ် စကားလုံးအလှတွေနဲ့ပဲ ပြီးသွားမယ့် အရာတစ်ခုလားဆိုတာပါပဲ။

အခုအချိန်မှာ ကမ္ဘာ့နေရာအသီးသီးမှာရှိတဲ့ ပထဝီနိုင်ငံရေးစစ်မျက်နှာတွေဟာ အမေရိကန်ရဲ့ အာဏာစက်ကို စမ်းသပ်နေတဲ့နေရာတွေဖြစ်လာပါတယ်။ အရင်က ကျွန်တော်တို့သိခဲ့တဲ့ နိုင်ငံတကာစနစ်ကြီးဟာ အကြီးအကျယ် ပြောင်းလဲနေပြီး အမေရိကန်က ဒီစနစ်ကြီးကို သူတို့စိတ်ကြိုက်ဘယ်လောက်အထိ ပြန်ပြီးပုံဖော်နိုင်မလဲဆိုတာ တကယ့်ကို မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ၂၀၂၆ ခုနှစ်ရဲ့ အစောပိုင်းလမှာတင် ကျွန်တော်တို့ မြင်တွေ့ခဲ့ရတဲ့ အပြောင်းအလဲဟာ အရင်က ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့တဲ့ အပြောင်းအလဲတွေထက်တောင် ပိုပြီးမြန်ဆန်နေတာကို တွေ့ရမှာပါ။

ထရမ့်ရဲ့ နိုင်ငံခြားရေးမူဝါဒဟာ ယခင်သမ္မတတွေနဲ့မတူဘဲ ပိုပြီးပြတ်သားတယ်။ ရလဒ်ကို ပိုပြီး ဦးစားပေးတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာလည်း ဒီလို ပြတ်သားမှုတွေက ရှုပ်ထွေးတဲ့ ပဋိပက္ခတွေကိုပိုပြီး ကြီးထွားလာစေသလို နိုင်ငံတကာဆက်ဆံရေးမှာလည်း အက်ကြောင်းအသစ်တွေကို ဖန်တီးနေပြန်ပါတယ်။ လက်ရှိကမ္ဘာ့နေရာအသီးသီးမှာ ဖြစ်ပျက်လျက်ရှိတဲ့ ပထဝီနိုင်ငံရေး စစ်မျက်နှာတွေဟာ အမေရိကန်အနေနဲ့ ကမ္ဘာ့စနစ်ကြီးကို ဘယ်လောက်အထိ ပြန်ပြီး ပုံဖော်နိုင်မလဲဆိုတာကို ပြသနေတဲ့ အဓိက အညွှန်းကိန်းတွေပဲ ဖြစ်ပါတယ်။

## ဂါဇာဒေသ

ပထမဆုံးစမ်းသပ်ချက်ကတော့ ဂါဇာဒေသပါပဲ။ ဒေါ်နယ်ထရမ့်ရဲ့ငြိမ်းချမ်းရေးအစီအစဉ်က ၂၀၂၅ ခုနှစ်နှောင်းပိုင်းမှာစတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်အရောက်မှာတော့ လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းမှာ အကြီးမားဆုံး အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာကိုတွေ့ရပါတယ်။ အမေရိကန်ရဲ့ ရည်မှန်းချက်က ဂါဇာဒေသမှာ အမှန်တကယ်အလုပ်လုပ်နိုင်စွမ်းရှိတဲ့ အုပ်ချုပ်ရေးယန္တရားတစ်ခုကို တည်ဆောက်ဖို့ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့အစည်းကို ကာကွယ်ပေးဖို့အတွက် ဒေသတွင်း အာရပ်နိုင်ငံတွေပါဝင်တဲ့ လုံခြုံရေးတပ်ဖွဲ့တွေ လိုအပ်ပါတယ်။

ဒီနေရာမှာ အခက်အခဲတစ်ခုက ဟားမတ်အဖွဲ့ အနေနဲ့ အရင်ကထက် အားနည်းသွားပေမယ့်လုံးဝကို အမြစ်ပြတ်သွားခြင်းမရှိသေးတာပါပဲ။ ဂါဇာဒေသခံတွေကြားမှာ သူတို့ရဲ့ လွှမ်းမိုးမှုကရှိနေဆဲဖြစ်တာကြောင့် သူတို့ကို လုံးဝချန်လှပ်ထားလို့မရဘူးဆိုတဲ့ အချက်က အမေရိကန်အတွက် ခေါင်းခဲစရာဖြစ်နေပါတယ်။

တစ်ဖက်မှာလည်း အစ္စရေးအစိုးရကဟားမတ်ရဲ့ မည်သည့်တည်ရှိမှုကိုမျှ လက်ခံသွားမှာမဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ပြောထားပါတယ်။ ဒါကြောင့် ၂၀၂၆ ခုနှစ်အတွင်းမှာ အမေရိကန်အနေနဲ့ ဒီလို ရှုပ်ထွေးပြီး ဆန့်ကျင်ဘက်ဖြစ်နေတဲ့ လက်တွေ့အခြေအနေကို ဘယ်လိုကိုင်တွယ်သွားမလဲဆိုတာက ဒေါ်နယ်ထရမ့်ရဲ့ နိုင်ငံခြားရေးစွမ်းဆောင်ရည်ကို တိုင်းတာမယ့် အချက်ပဲဖြစ်ပါတယ်။ ထရမ့်တစ်ယောက် ဒီအခြေအနေကြီးကို အောင်မြင်မလား ဒါမှမဟုတ် ဒီတင်းမာမှုတွေကြားမှာပဲ စီမံကိန်းကြီးပျက်စီးသွားမလားဆိုတာ တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြပါတယ်။

## ဗင်နီဇွဲလား

အမေရိကန်ရဲ့ ဩဇာသက်ရောက်မှုကို ပြန်လည်သက်သေပြနိုင်မယ့် ဒုတိယအရေးကြီးတဲ့ စစ်မျက်နှာကတော့ ဗင်နီဇွဲလားနိုင်ငံပါ။ ထရမ့်ဟာ ဗင်နီဇွဲလား သမ္မတ နီကိုးလပ်မာဒူရိုကို ရာထူးကဖယ်ရှားနိုင်ဖို့အတွက် သူ့ရဲ့နိုင်ငံရေးအရင်းအနှီးတွေကို အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားပါတယ်။

အမေရိကန်သာ ဗင်နီဇွဲလားနိုင်ငံမှာ အပြောင်းအလဲတစ်ခုကို ကုန်ကျစရိတ်အနည်းဆုံးနဲ့ အမှန်တကယ်ဖန်တီးနိုင်ခဲ့ရင် ဒါဟာ လက်တင်အမေရိကမှာတင်မကဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ အမေရိကန်နိုင်ငံရဲ့ ဩဇာအာဏာကို ပြန်လည်ခိုင်မာသွားစေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်ရဲ့ ပြိုင်ဘက်ဖြစ်တဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးတွေရဲ့ ဗင်နီဇွဲလားမှာခြေကုပ်ယူထားမှုတွေကိုဖယ်ရှားနိုင်ခြင်းက ထရမ့်အတွက်တော့ ကြီးမားတဲ့ နိုင်ငံခြားရေးအောင်ပွဲတစ်ခု ဖြစ်လာပါလိမ့်မယ်။

## ယူကရိန်း

ယူကရိန်းအရေးမှာတော့ ထရမ့်အနေနဲ့ ပိုပြီးသတိထားတဲ့၊ ထိန်းထိန်းသိမ်းသိမ်းရှိတဲ့ ချဉ်းကပ်ပုံမျိုးကို သုံးနေပါတယ်။ အမေရိကန်အတွက် ဒီနေရာမှာ အရင်းအနှီးသိပ်မများလှဘဲ စစ်ရေးနည်းဖြင့်ပါဝင်ပတ်သက်တာထက် စီးပွားရေးအရ ညှိနှိုင်းမှုလုပ်တာတွေ၊ အလွတ်သဘော ဆက်သွယ်မှုလုပ်တာတွေကနေ တစ်ဆင့် နှစ်ရှည်လများဖြစ်နေတဲ့ ပထဝီနိုင်ငံရေးပဋိပက္ခကို တဖြည်းဖြည်းလျှော့ချနိုင်မယ်လို့ အမေရိကန်အစိုးရကယုံကြည်နေပါတယ်။ စီးပွားရေးအရအကျိုးအမြတ်တွေကို အသုံးချပြီး ရုရှားနဲ့ ယူကရိန်းကြားမှာ ကြားနေနယ်မြေတစ်ခု ဖန်တီးနိုင်မယ်ဆိုတဲ့ ယူဆချက်က တကယ်ပဲ မှန်ကန်ရဲ့လားဆိုတာ ၂၀၂၆ ခုနှစ်မှာပဲ အဖြေပေါ်လာမှာပါ။

## အမေရိကန်ရဲ့ ပြည်တွင်းနိုင်ငံရေး

ဒီဖြစ်ရပ်တွေအားလုံးဟာ အမေရိကန်ရဲ့ ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပမယ့် လွှတ်တော်သက်တမ်းဝက် ရွေးကောက်ပွဲနဲ့လည်း တိုက်ရိုက်ဆက်စပ်နေပါတယ်။ အဲဒီရွေးကောက်ပွဲပြီးရင် ထရမ့်ရဲ့လုပ်ပိုင်ခွင့်တွေက ဥပဒေပြုလွှတ်တော်အတွင်းမှာ အကန့်အသတ်ရှိလာနိုင်တဲ့အတွက် ဩဇာမရှိတဲ့ သမ္မတမဖြစ်ခင်မှာ ထရမ့်အစိုးရဟာ ကြီးမားတဲ့ နိုင်ငံခြားရေးပြဿနာတွေကို အမြန်ဆုံး အပြတ်ဖြတ်ချင်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ၂၀၂၆ ခုနှစ်ပထမပိုင်းမှာ ထရမ့်ဆီကနေ ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့ အများအပြား မြင်တွေ့ခဲ့ရတာပါ။

## ဥရောပ

အနောက်ဥရောပအတွက်လည်း ၂၀၂၆ ခုနှစ်က အဆုံးအဖြတ်နှစ်ပါပဲ။ ပြီးခဲ့တဲ့နှစ်တွေက စတင်ခဲ့တဲ့ လက်နက်အင်အားဖြည့်တင်းမှုတွေကို ဥရောပနိုင်ငံတွေက ဆက်ထိန်းထားနိုင်မလားဆိုတာ အစမ်းသပ်ခံရမှာဖြစ်သလို ပြင်သစ်နိုင်ငံမှာလည်း ၂၀၂၇ ခုနှစ် ရွေးကောက်ပွဲအတွက် ရှေ့ပြေးအနေနဲ့ လက်ယာယိမ်း အင်အားစုတွေက ဩဇာကြီးမားလာနေပါတယ်။ မာရင်းလီပန်ရဲ့ လက်ထောက် ဂျော်ဒန် ဘာဒဲလားသာ အာဏာရလာခဲ့ရင် အမေရိကန်နဲ့ စစ်ရေးမဟာမိတ်ကို ဆက်ထိန်းထားပေမဲ့ ဥရောပသမဂ္ဂရဲ့ လက်ရှိပုံစံကြီးကိုတော့ အကြီးအကျယ် ပြောင်းလဲပစ်နိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂျာမနီမှာလည်း ဖရိုင်းဒရစ်မာ့ရဲ့ အစိုးရအသစ်က စီးပွားရေးတိုးတက်မှုကို ပြန်မမြှင့်တင်နိုင်ရင် ဂျာမန်နိုင်ငံရေး တည်ငြိမ်မှုမှာ ကြီးမားတဲ့ အက်ကြောင်းတွေ ထပ်ထွက်လာပါလိမ့်မယ်။

## BRICS နဲ့ အာရှစစ်မျက်နှာ

တရုတ်၊ အိန္ဒိယနဲ့ ထိုင်ဝမ်ကျွန်းအပါအဝင် အာရှစစ်မျက်နှာမှာလည်း စိန်ခေါ်မှုတွေက အပြည့်ပါပဲ။ တရုတ်နိုင်ငံမှာ ၂၀၂၇ ခုနှစ်ပါတီကွန်ဂရက်အတွက် ပြင်ဆင်နေချိန်မှာ သမ္မတ ရှီကျင့်ဖျင်အနေနဲ့ လက်ရှိစနစ်အတိုင်းဆက်သွားမလား ဒါမှမဟုတ် တိန့်ရှောင်ဖိန် လက်ထက်ကလို စုပေါင်းအုပ်ချုပ်ရေးစနစ်ကို ပြန်သွားမလားဆိုတာ ၂၀၂၆ ခုနှစ်မှာ အဖြေပေါ်လာမှာပါ။ အမေရိကန်က ထိုင်ဝမ်ကျွန်းကိုစစ်လက်နက်ပစ္စည်းတွေ အကြီးအကျယ်ထောက်ပံ့ပေးနေမှုကြောင့် တရုတ်နဲ့ အမေရိကန်အကြားတင်းမာမှုက ပိုပြီးပြင်းထန်လာနေပါတယ်။

ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်မှာ ပါကစ္စတန်၊ တရုတ်တို့နဲ့ ပိုနီးစပ်တဲ့ အစိုးရအသစ်တက်လာတာဟာ ဒေသတွင်းအားပြိုင်မှုကို ပိုပြီးရှုပ်ထွေးစေပါတယ်။ နောက်ထပ်တစ်ချက်အနေနဲ့ ဘရာဇီးနိုင်ငံမှာလည်း သမ္မတလူလာဟာ လူကြိုက်များနေဆဲဖြစ်ပေမယ့်အတိုက်အခံ ဘော်ဆိုနာရိုဘက်က ပြန်တက်လာခဲ့ရင် BRICS အဖွဲ့ အပေါ် ထားရှိတဲ့ ဘရာဇီးရဲ့သဘောထားက ပြောင်းလဲသွားနိုင်ပါတယ်။

## မတည်ငြိမ်မှုများရဲ့နှစ်

ခြုံငုံသုံးသပ်ရရင် ၂၀၂၆ ခုနှစ်ဟာ ကမ္ဘာ့သမိုင်းမှာ အင်အားကြီးနိုင်ငံတွေရဲ့ အားပြိုင်မှု အရှိန်အဟုန် အမြင့်မားဆုံးဖြစ်လာမယ့် အလှည့်အပြောင်းကာလတစ်ခုဖြစ်လာပါလိမ့်မယ်။ အရင်က မျှော်လင့်ခဲ့သလို အေးအေးဆေးဆေးနဲ့ ခန့်မှန်းရလွယ်ကူတဲ့ နိုင်ငံတကာစနစ်ဟောင်းမျိုးဟာ ရှေ့လျှောက် မြင်တွေ့ရဖို့ မဖြစ်နိုင်တော့သလောက်ပါပဲ။ ၂၀၂၆ ခုနှစ်အတွင်းမှာ ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေဟာ နောက်ထပ် ဆယ်စုနှစ်ပေါင်းများစွာအထိ ကမ္ဘာ့အခင်းအကျင်းကို ရိုက်ခတ်သွားမှာ ဖြစ်ပါတယ်။

သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ရည်မှန်းချက်ကြီးမားတဲ့ နိုင်ငံခြားရေးမူဝါဒတွေက ကမ္ဘာ့နိုင်ငံရေးမှာ ရှုရှင်းစွဲ ပဋိပက္ခတွေကို ပိုပြီးအရှိန်မြင့်လာစေပါတယ်။ သူက နိုင်ငံတကာ သဘောတူညီချက်တွေ၊ အဖွဲ့အစည်းတွေထက် အပြန်အလှန်အကျိုးအမြတ်နဲ့အင်အားသုံးဖိအားပေးမှုကို ပိုပြီးဦးစားပေးတဲ့အတွက်နိုင်ငံငယ်တွေအဖို့ လုံခြုံရေးအရ ပိုပြီးစိုးရိမ်စရာဖြစ်လာပါတယ်။ ဂါဇာ၊ ဗင်နီဇွဲလားနဲ့ ယူကရိန်း စတဲ့ စစ်မျက်နှာတွေမှာ အမေရိကန်က ရလဒ်ကောင်းတွေ ထွက်အောင် ဖော်ဆောင်နိုင်မလားဆိုတာကပဲ ထရမ့်ရဲ့ "America First" မူဝါဒဟာ ကမ္ဘာကြီးကိုတကယ်ပဲ ငြိမ်းချမ်းစေမှာလား ဒါမှမဟုတ် ပိုပြီး မတည်မငြိမ် ဖြစ်စေမှာလား ဆိုတဲ့ အဖြေကိုပေးပါလိမ့်မယ်။

## ပိုမိုနက်ရှိုင်းလာတဲ့ အက်ကြောင်းများ

၂၀၂၆ ခုနှစ်အတွင်းမှာ မြင်တွေ့ရမယ့်အခြေအနေတွေအရ ကမ္ဘာကြီးဟာ အရင်လို အင်အားကြီးနိုင်ငံတစ်နိုင်ငံတည်းက ထိန်းချုပ်ထားတဲ့ ဧကဝင်ရိုးစနစ်ကနေ အင်အားစုအများအပြား အားပြိုင်နေတဲ့ ဗဟုဝင်ရိုးစနစ်ဆီကို အတင်းအကျပ် ကူးပြောင်းနေရပြီဖြစ်ပါတယ်။ဒါကြောင့်ပြောရမယ်ဆိုရင် ၂၀၂၆ ခုနှစ် "စံနှုန်းအဟောင်းတွေ ပျက်စီးပြီး စံနှုန်းအသစ်တွေ မွေးဖွားဖို့ ကြိုးစားနေတဲ့နှစ်" လို့ ဆိုရပါလိမ့်မယ်။ အပြောင်းအလဲတွေက မြန်ဆန်လွန်းပြီး ခန့်မှန်းရခက်ခဲလွန်းတဲ့အတွက် ကမ္ဘာ့ခေါင်းဆောင်တွေရော၊ ပြည်သူတွေပါ မရေရာမှုတွေနဲ့ ရင်ဆိုင်ရမယ့်ခက်ခဲတဲ့နှစ်တစ်နှစ် ဖြစ်လာမှာပါ။ သမိုင်းကတော့ တစ်ပတ်ပြန်လည်နေပြီဖြစ်ပါတယ်။ အရင်က ကျွန်တော်တို့သိခဲ့တဲ့ ပုံမှန်အခြေအနေဆိုတာဟာ အတိတ်မှာပဲ ကျန်ရစ်ခဲ့ပြီဖြစ်ပြီး ၂၀၂၆ ခုနှစ်က စတင်လိုက်တဲ့ အက်ကြောင်းကြီးတွေကနေတစ်ဆင့် ကမ္ဘာ့နိုင်ငံရေး စနစ်အသစ်တစ်ခု ဘယ်လိုပုံပေါ်လာမလဲဆိုတာကိုတော့ ကျွန်တော်တို့အားလုံးက ဆက်လက်စောင့်ကြည့်သွားကြရဦးမှာ ဖြစ်ပါတယ်။ ။

Ref:RT

ထက်မြတ်

❖ ငြိမ်းချမ်းရေးဆိုတာ ပုံမှန်သတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီတာဝန်ရှိကြတာပဲဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## မကြာမီရက်ပိုင်းအတွင်း ရွေးကောက်ပွဲအပိုင်း(၂)နှင့်(၃)တို့ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး အားလုံးကဝိုင်းဝန်းပါဝင်ဆောင်ရွက်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

**စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ လိုက်ပါ၍ ဟိုင်းကြီးကျွန်းတပ်နယ်သို့ရောက်ရှိကြရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်၊ အစည်းအဝေးခန်းမ၌ ရေတပ်စခန်းဌာနချုပ်မှူးက တပ်နယ်ဆိုင်ရာအချက်အလက်များ၊ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်နယ်သို့လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ တပ်နယ်အတွင်းနှင့်စည်းရုံးရေးနယ်မြေအတွင်း စာမျက်နှာ ၁၆ ကော်လံ ၁ ❐

## ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာထားရှိပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် Myanmar Tradenet 2.0 စနစ်မှ လျှောက်ထားလာသော ပို့ကုန်လိုင်စင်များကို ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် စောင်ရေနှင့်ပမာဏအတိုင်း အပြည့်အဝမှန်မှန်ကန်ကန်တင်ပို့ကြရန်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေလျှော့ပေးထားပြီးဖြစ်ရာ သတ်မှတ်ထားသည့်ကာလအတွင်း အပြည့်အဝပြန်လည်ဝင်ရောက်နိုင်ရေးဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက္ကူစက်ရုံ(သာပေါင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး** စာ – ၁၁ သို့

**နိုင်ငံတကာ ဆောင်းပါး**

**၂၀၂၆ ခုနှစ် ကမ္ဘာ့နိုင်ငံရေးစနစ်အသစ်ကိုပုံဖော်မယ့် ပထဝီနိုင်ငံရေး အက်ကြောင်းကြီးများ** စာ – ၃၁ သို့

**ဇီဝဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ (၂၅၊ ၂၆) တွင်ဖော်ပြထားပါသည်။